# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၄၈ ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
## (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့အစည်းအဝေးကို နံနက် ၁၀း၁၅ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၁၅ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၈ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့အစည်းအဝေးမှာ ယမန်နေ့ကအထိ ခွင့်ပန်ကြားထားသူ ၉ ဦး၊ ယနေ့ခွင့်အသစ်ပန်ကြားသူ ၁၇ ဦး၊ စုစုပေါင်း ၂၆ ဦး ရှိကြောင်းဦးစွာတင်ပြအပ်ပါတယ်။ ယနေ့ကိုယ်တိုင်ခွင့်ပန်ကြားခဲ့သူ စုစုပေါင်း ၁၉ ဦးတို့ကို ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီဥက္ကဋ္ဌမှ ခွင့်ပြုနိုင်ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့စုစုပေါင်းပျက်ကွက်သူ၊ ခွင့်ပန်ကြားသူ ၁၇ ဦးကတော့-

(၁) မောက်မယ်မဲဆန္ဒနယ်၊ ဦးစိုင်းဝေါင်းဆိုင်ဟိန်းဟာ ကျန်းမာရေးမကောင်းပါသဖြင့် ယနေ့ခွင့် တစ်ရက်အားလည်းကောင်း၊

(၂) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦးသည်နေမကောင်းပါသဖြင့် ယနေ့ နိုဝင်ဘာလ ၁၆ ရက် တစ်ရက်အားခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၃) ကံမမဲဆန္ဒနယ်မှ ကိုယ်စားလှယ်ဦးပိုက်ထွေးဟာ ကိုယ်ရေးကိုယ်တာကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့နိုဝင်ဘာလ ၁၆ ရက်အား ခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၄) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်ဟာ သီးခြားတာဝန်ဆောင်ရွက်ရန်ရှိသဖြင့် ယနေ့နိုဝင်ဘာလ ၁၆ ရက်အား ခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၅) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းသည် သီးခြားကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၁၆ ရက်နေ့ ယနေ့တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၆) လယ်ဝေးမဲဆန္ဒနယ်မှ ဦးငွေးဝင်းသည် ကျန်းမာရေးမကောင်းပါသဖြင့် နိုဝင်ဘာလ ၁၆ ရက်နေ့ ယနေ့အား ခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၇) ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ဟာ ကိုယ်ရေးကိုယ်တာကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၁၆ ရက်မှ နိုဝင်ဘာလ ၁၇ ရက်အထိ၊ စုစုပေါင်းနှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၈) စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဟာ နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့နှစ်ရက်အား ကိုယ်ရေးကိုယ်တာကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့်အဖြစ် သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၉) ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းဟာ နိုဝင်ဘာလ ၁၆ ရက်မှ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ၊ စုစုပေါင်း ၃ ရက်အား ကျန်းမာရေးအရ ခွင့်ပြုပေးပါရန်လည်းကောင်း၊

(၁၀) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းဟာ နေမကောင်းပါသဖြင့် နိုဝင်ဘာလ ၁၆ ရက်မှ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ၊ စုစုပေါင်း ၃ ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၁၁) လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဟာ ဆေးစစ်ခံရန်အတွက် နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ ၃ ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၁၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေးဟာ မိမိ၏ဇနီးကျန်းမာရေးမကောင်းပါသဖြင့် ဆေးကုသရန်ရှိသည့်အတွက် နိုဝင်ဘာလ ၁၆ ရက်မှ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ၊ စုစုပေါင်း ၃ ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၁၃) မှော်ဘီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဟာ မိခင်ဆေးရုံ တက်ရောက်နေပါသဖြင့် နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ စုစုပေါင်း ၃ ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၁၄) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ) ဦးထွန်းထွန်းဟာ အရှေ့တောင်အာရှဂျူဒိုအားကစား အဖွဲ့အောင်နိုင်ရေးအတွက် သွားရောက်ကြီးကြပ်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၁၆ ရက်မှ နိုဝင်ဘာလ ၂၁ ရက်နေ့အထိ၊ စုစုပေါင်း ၆ ရက်အား ခွင့်အဖြစ်သတ်မှတ် ပေးပါရန်လည်းကောင်း၊

(၁၅) ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ဟာ အရှေ့တောင်အာရှအားကစားပွဲတော်တက်ရောက်ရန်အတွက် နိုဝင်ဘာလ ၁၆ ရက်မှ ၂၃ ရက်နေ့အထိ၊ စုစုပေါင်း ၈ ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၁၆) ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းဟာ ဆေးကုသရန်အတွက် နိုဝင်ဘာလ ၁၆ ရက်မှ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ၊ စုစုပေါင်း ၁၀ ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း ပန်ကြားထားရှိပါတယ်။

သို့ပါ၍ ကြိုတင် တင်ပြထားသည့်အတိုင်း ယမန်နေ့ကခွင့်အဖြစ်ပန်ကြားထားသူ ၉ ယောက် ရှိပြီး ယနေ့ခွင့်ပန်ကြားသူစုစုပေါင်း ၁၇ ယောက်၊ အားလုံးစုစုပေါင်းအနေနဲ့ ၂၆ ယောက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ဦး၊ မောင်တောမဲဆန္ဒနယ်က ဦးအောင်ဇော်ဝင်းနဲ့ပတ်သက်လို့ တင်ပြ ထားတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ မောင်တော မဲဆန္ဒနယ်က ဦးအောင်ဇော်ဝင်း(ခ) ဦးဇော်ကိရ်အာမတ်ဟာ မိမိကိုယ်တိုင်ဆောင်ရွက်ရန်ရှိတဲ့ အတွက်ကြောင့် နိုဝင်ဘာလ ၁၆ မှ ၁၈ ရက် နေ့အထိ စုစုပေါင်းသုံးရက်ခွင့်ပန်ထားရှိကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဦးကြည်သာ၊ ဝွမ်ခဲဆန္ဒနယ်၏ " လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်သင့်ကြောင်း" အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၄၇ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ လျှပ်စစ်ဥပဒေကိုပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်သင့်ကြောင်း အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးစွာ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးအေးမောင်(မလှိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယမန်နေ့က ဦးကြည်သာ တင်သွင်းခဲ့တဲ့အဆိုနဲ့ပတ်သက်လို့ ကျွန်တော် မလှိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်မှဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ဒီလျှပ်စစ်ဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်လို့ လျှပ်စစ်ပေါ်ပေါက်လာပုံကို ကျွန်တော်တို့ပြန်ပြီးတော့ သိရသလောက်ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။ ၁၉၀၈ ခုနှစ်က မိုးကုတ်မြို့မှာ Ruby Mine ကစတင်ပြီးတော့ လျှပ်စစ်ကိုသုံးစွဲခဲ့ပါတယ်။ အဲ့ဒီနောက် ၁၉၁၀ ခုနှစ်မှာ မန္တလေးနဲ့ ရန်ကုန်မှာလျှပ်စစ်သုံးစွဲပြီးတော့ ကျွန်တော်တို့ ၁၉၁၀ ခုနှစ်မှာပဲ Electricity Act ကိုကျွန်တော်တို့ ပြဋ္ဌာန်းခဲ့တာကိုလေ့လာတွေ့ရှိရပါတယ်။ အဲ့ဒီနောက်မှာ

၁၉၇၇ ခုနှစ်မှာ Electrical Rules ကိုကျွန်တော်တို့ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲ့ဒီနောက်ထပ်ပြီးတော့ ကျွန်တော်တို့လုပ်ထုံးလုပ်နည်းများရေးဆွဲရန်လိုအပ်တဲ့အတွက် ၁၉၄၈ ခုနှစ်မှာ လျှပ်စစ်ဓာတ်အား ပေးရေးအက်ဥပဒေကိုရေးဆွဲခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ ၁၉၇၄ ခုနှစ် မှာ စက်မှုဝန်ကြီးဌာနရဲ့လမ်းညွှန်မှုနဲ့ ကျွန်တော်တို့ ဥပဒေပြင်ဆင်ရေးဆွဲရန်လိုအပ်တဲ့အတွက် ဥပဒေကိုပြင်ဆင်ရေးဆွဲခဲ့တဲ့အခါမှာ ၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၇)ဖြင့် လျှပ်စစ် ဥပဒေကို အခန်း(၁၀)ခန်း၊ ပုဒ်မ ၄၀ ပါဝင်ပြဋ္ဌာန်းပြီးတော့ ၁၉၈၅ ခုနှစ်၊ လျှပ်စစ်ဥပဒေ လုပ်ထုံးလုပ်နည်းဆိုင်ရာကိုလည်းပဲ ဝန်ကြီးများအဖွဲ့သဘောတူညီချက်နဲ့ အခန်းပေါင်း (၁၀) ခန်း၊ အပိုဒ်ပေါင်း ၂၇၀ နဲ့ပြဋ္ဌာန်းခဲ့တာကိုတွေ့ရှိရပါတယ်။ ထိုပြဋ္ဌာန်းခဲ့တဲ့ လျှပ်စစ်ဥပဒေများဟာဆိုလို့ ရှိရင် အချိန်အခါအရ၊ ၎င်းအချိန်အခါမှာ ထိုအချိန်ကာလမှာ ပြည့်စုံမှန်ကန်မှုရှိသော်လည်းပဲ ယနေ့ အချိန်အခါ၊ ယနေ့နိုင်ငံတော်ရဲ့အစိုးရသစ်လက်ထက်မှာဆိုလို့ရှိရင် ကျွန်တော်တို့ ဈေးကွက်စီးပွားရေး နဲ့အညီ ပြုပြင်ပြောင်းလဲလာမှုများပြားပြီးတော့ စက်ရုံ၊ အလုပ်ရုံများလည်းများပြားလာတာ ဖြစ်ပါ တယ်။ ဒီလိုများပြားလာတဲ့အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာဆိုရင်လည်းပဲ ပိုမိုသုံးစွဲ လာသလိုပဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့အပိုင်းမှာ ပိုမိုများပြားလာတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ခေတ်နဲ့အညီထုတ်လုပ်တဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအပိုင်း၊ လျှပ်စစ်ပစ္စည်းများသုံးစွဲမှုအပိုင်းမှာမတူ ကွဲပြား ခြားနားလာတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒီလို မတူ ကွဲပြား ခြားနားလာတဲ့အမျိုးမျိုးသောကိစ္စများအတွက် ၁၉၈၄ ခုနှစ်၊ ဥပဒေဟာ ကျွန်တော်တို့ မလုံလောက်တော့တဲ့အတွက် မလွဲမသွေဒီဥပဒေဟာ ပြင်ဆင်ရန်လိုအပ်မှာဖြစ်လာပါတယ်။ ဒါကြောင့် ဒီဥပဒေတွေကို အကောင်အထည်ဖော်တဲ့နေရာမှာလည်းပဲ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှု ကြီးကြပ်ရေးအောက်မှာရှိတဲ့ Electrical Inspector (ခေါ်) EI မှနေပြီးတော့ ဒါဆောင်ရွက်တာကို လည်းပဲ လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ EI အနေနဲ့ ဒီဝန်ကြီးဌာနမတူပဲ ကြီးကြပ်ရခြင်း အကြောင်းအရင်းကိုလည်းပဲ ကျွန်တော်တို့လေ့လာသိရှိရသည်မှာ ကျွန်တော်တို့ ဥပမာတင်ပြရလို့ ရှိရင် ကျန်းမာရေးဌာနမှာ FDA လို့ခေါ်တဲ့ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဌာနတစ်ခုရှိပြီးတော့ တစ်ပြည်လုံးမှာရှိတဲ့ကျန်းမာရေးဆိုင်ရာဆေးဝါးဆိုင်ရာကိစ္စများ၊ အစားအသောက်ဆိုင်ရာကိစ္စများကို ကြားခံ Third Party အနေနဲ့ တာဝန်ယူစစ်ဆေးရသလိုပဲ ကျွန်တော်တို့ဒီ EI ဟာဆိုရင်လည်းပဲ ကြားခံ Third Party အနေနဲ့ စစ်ဆေးတယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒီလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေး၊ စစ်ဆေးရေးအဖွဲ့ဟာဆိုလို့ရှိရင် EI ဟာ ထုတ်လုပ်ဖြန့်ဖြူးသူ၊ လုပ်ငန်းလုပ်ပိုင်ခွင့်ရှိသူရဲ့အကျိုးနဲ့ ဓာတ်အားသုံးစွဲသူတို့ရဲ့ အခွင့်အရေးကို နစ်နာမှုမရှိစေရေး၊

လျှပ်စစ်ဓာတ်အားအန္တရာယ်ကင်းရှင်းစေရေးအတွက် ကြားခံအဖွဲ့အစည်းတစ်ခုအနေဖြင့် စစ်ဆေးခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ခေတ်အဆက်ဆက်မှာလည်းပဲ ထုတ်လုပ်ဖြန့်ဖြူးသူ Supplier နဲ့မသက်ဆိုင်တဲ့ဝန်ကြီးဌာနများရဲ့ ကွပ်ကဲမှုအောက်မှာ လျှပ်စစ်စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီးတော့ လုပ်ငန်းများဆောင်ရွက်တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ၁၉၁၀ ခုနှစ်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ၁၉၂၂ မှာ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ ၁၉၄၁ ခုနှစ်မှာ ကျန်းမာရေးနှင့်ပြည်သူ့လုပ်ငန်းဌာန၊ ၁၉၄၈ ခုနှစ်မှာ စက်မှုလက်မှုနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ ၁၉၅၃ ခုနှစ်မှာ စက်မှုလက်မှုဝန်ကြီးဌာန၊ ၁၉၇၂ ခုနှစ်မှာ စက်မှုဝန်ကြီးဌာနနဲ့ ၁၉၇၅ မှ ယနေ့ထိ အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့ကနေပြီးတော့ စစ်ဆေးတာဝန်ယူ ဆောင်ရွက်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အလားတူပဲ ကမ္ဘာ့နိုင်ငံများကိုလေ့လာလို့ရှိရင် အင်္ဂလန်နိုင်ငံမှာလည်းပဲ ထိုနည်းအတူ အခြားဝန်ကြီးဌာနများက ဆောင်ရွက်တာတွေ့ရသလို အိန္ဒိယမှာလည်းပဲ အခြားစွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ ဆောင်ရွက်တာတွေ့ရပါတယ်။ အလားတူ ကျွန်တော်တို့ အာဆီယံနိုင်ငံများဖြစ်တဲ့ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်စသည်တို့မှာလည်းပဲ စက်မှုဝန်ကြီးဌာနကနေပြီးတော့ တာဝန်ယူဆောင်ရွက်တာတွေ့ရမှာဖြစ်ပါတယ်။ ဒီဥပဒေများအနေနဲ့ ပြောင်းလဲမှုဟာ အိန္ဒိယမှာဆိုရင် ဒီနှစ် ၂၀၀၃ ခုနှစ်အထိ လျှပ်စစ်အက်ဥပဒေကိုပြဋ္ဌာန်းထားသည်မှာ Up to Date ယနေ့အထိ ဆောင်ရွက်ထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ အင်္ဂလန်နိုင်ငံမှာ ဆိုလို့ရှိရင် လျှပ်စစ်အက်ဥပဒေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဆောင်ရွက်တာဟာ အကြိမ်ပေါင်း ၂၀ မှ ၃၀ အကြား ရှိတာကိုလေ့လာသိရှိရပါတယ်။ အခြားနိုင်ငံတွေမှာဆိုရင်လည်းပဲ ယခုအခါ Consumer Representative များပင်ထားရှိပြီးတော့ သုံးစွဲသူများဘက်မှ လိုအပ်တဲ့အကာအကွယ်များကိုပေးပြီးတော့ ဆောင်ရွက်တာကိုလည်းပဲ လေ့လာသိရှိရပါတယ်။

ယခုအခါမှာ လျှပ်စစ်နဲ့ပတ်သက်လို့ ပြည်ပကနေပြီးတော့ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုများကလည်းပဲ များပြားလာမှာဖြစ်သလို လျှပ်စစ်အသုံးပြုပြီးတော့ဆောင်ရွက်မယ့် စီးပွားရေးလုပ်ငန်းပိုင်းမှာလည်းပဲ များပြားလာတာကိုတွေ့ရမှာဖြစ်ပါတယ်။ အဲ့ဒီလို ဝင်ရောက်လာတဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီများအနေနဲ့ ပထမဦးဆုံးမေးတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်ဥပဒေကိုမေးလေ့မေးထရှိပြီးတော့ ဒီလျှပ်စစ်ဥပဒေအပေါ်မှာမူတည်ပြီး လုပ်ငန်းဆောင်ရွက်ကြတာကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်ထုတ်လုပ်မှု သုံးတဲ့ပစ္စည်းများစသည့်တို့အတွက် လိုအပ်သည့် ပြဋ္ဌာန်းမှုဥပဒေများ၊ စံနှုန်းများကိုလည်းပဲ လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ပြီး ဥပဒေမှာ ပြဋ္ဌာန်းသင့်ပါကြောင်း

ထောက်ခံတင်ပြအပ်ပါတယ်။ ယနေ့ လျှပ်စစ်ဥပဒေမှာ ပြဋ္ဌာန်းမှုရှိသော်လည်းပဲ မလိုက်နာတဲ့ အတွက် ပျက်စီးဆုံးရှုံးမှုများဟာ မမျှော်မှန်းနိုင်လောက်အောင်ရှိခဲ့တာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဥပမာ - ရန်ကုန်မှာ ကုန်သွယ်လယ်ယာရုံးချုပ်၊ သယ်န်းကျွန်းဈေး၊ မင်္ဂလာအဆင့်မြင့်ဈေး၊ မန္တလေးမှာ ရတနာပုံဈေးတို့မှာ ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုများဖြစ်ပွားပြီးတော့ များစွာဆုံးရှုံးခဲ့ပါတယ်။ ဒါတွေဟာ ဘာလဲဆိုတော့ လျှပ်စစ်ဥပဒေပြဋ္ဌာန်းထားတာကို သတ်မှတ်ချက်အတိုင်း မဆောင်ရွက်၊ မလိုက်နာတဲ့အတွက်လို့သိရှိရပါတယ်။ ဒီဥပဒေကို လေးစားလိုက်နာဖို့အတွက် ဥပဒေပြဋ္ဌာန်းတဲ့ အခါမှာလည်းပဲ Third Party အနေနဲ့ ဆောင်ရွက်တဲ့ EI ရဲ့ စစ်ဆေးမှုကို လက်ခံနိုင်ရန် ဥပဒေမှာပြင်ဆင်ဖြည့်စွက်ပြီးတော့ ထပ်မံထည့်သွင်းဆောင်ရွက်သင့်ကြောင်းလည်း အကြံပြုတင်ပြ အပ်ပါတယ်။ ဒီနေရာမှာလည်းပဲ ဥပဒေမှာပါတဲ့ကိစ္စများ၊ မပါသေးတဲ့ကိစ္စများဖြစ်တဲ့ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းများအပြင် လျှပ်စစ်ဓာတ်အားရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းများအတွက် လုပ်ပိုင်ခွင့်၊ ရုပ်သိမ်းခွင့်အာဏာများပေးထားသော်လည်းပဲ ဒီအာဏာများကို ယနေ့အသုံးမပြုနိုင်ဘဲ ဥပေက္ခာပြုခံထားနေရတာကို တွေ့ရှိရတာဖြစ်တဲ့အတွက် ဥပဒေကိုလိုက်နာဆောင်ရွက်နိုင်ရန် သေချာဖြည့်စွက်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးအပ်ပါ တယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်သူနဲ့ ဓာတ်အားဖြန့်ဖြူးသူကြားမှာ ကွာဟမှုရှိရင်လည်းပဲ EI အနေနဲ့ တတိယအဖွဲ့ Third Party အနေနဲ့ အကြံပြုညှိနှိုင်းဆောင်ရွက်နိုင်ရန် ဥပဒေများမှာ ဖြည့်စွက် ပြဋ္ဌာန်းသင့်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ အဓိကအားဖြင့် လျှပ်စစ်ဥပဒေကို အကောင်အထည် ဖော်ဆောင်ရွက်နေတဲ့ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးဦးစီးဌာန အနေနဲ့ ပြင်ဆင် ဖြည့်စွက်ရန် ဥပဒေကြမ်းအားလည်း ရေးဆွဲပြီးနေပြီဖြစ်ကြောင်းကြားသိရတဲ့အတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သုံးခုပူးပေါင်းပြီး တော့ယနေ့ခေတ်နှင့်အညီပြင်ဆင်ဖြည့်စွက်ထားသော လျှပ်စစ်ဥပဒေပေါ်ပေါက်ရေးအတွက် ပူးပေါင်း အမြန်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ မူလဥပဒေပြဋ္ဌာန်းပြုစုခဲ့တဲ့ အမှတ်(၁)စက်မှု ဝန်ကြီးဌာနအနေဖြင့်လည်းပဲ ပေါင်းစပ်ညှိနှိုင်းဖြည့်စွက်ဆောင်ရွက်ပြီးတော့ ဥပဒေအမြန်ပေါ်ပေါက် ရေးအတွက်ဆောင်ရွက်သင့်ပါတယ်။ ပြည်သူ့လွှတ်တော်အနေဖြင့်လည်းပဲ ပြင်ဆင်ဖြည့်စွက်သည့် လျှပ်စစ်ဥပဒေနှင့် အခြားတင်ပြထားခဲ့သည့်ဥပဒေများပေါ်ပေါက်ရေးအတွက် လိုအပ်ပါကကော်မတီ တစ်ရပ် ထပ်မံဖွဲ့စည်းကြီးကြပ်ညှိနှိုင်းရေးအား ဆောင်ရွက်သင့်ပါကြောင်းတင်ပြရင်း ဦးကြည်သာ၏ အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးအား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအား လေးစားစွာဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှတင်သွင်းခဲ့တဲ့ လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်သင့်ကြောင်းအဆိုကို ကျွန်တော် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်မှ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မူလတုန်းက လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းဆိုတာ စက်မှု(၁) ဝန်ကြီးဌာနအောက် နောက်ပိုင်းမှာစွမ်းအင်ဝန်ကြီးဌာနအောက်မှာရှိတဲ့ လုပ်ငန်းတစ်ခုသာဖြစ်ပါတယ်။ ၁၉၉၉ လောက်မှာ ဝန်ကြီးဌာနအဆင့်ကိုမြှင့်တင်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်လောက်မှာတော့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဆိုပြီးတော့ ခွဲခြားတိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ အမှန်ကတော့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ ခွဲဖို့မသင့်တဲ့ စွယ်တော်ရွက်တစ်ရွက်လို အလုပ်လုပ်ရတဲ့ဌာနတွေဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်အစိုးရရဲ့စေတနာနဲ့ တိုးတက်လာတဲ့ခေတ်မီဖွံ့ဖြိုးလာတဲ့ အသုံးများလာတဲ့ လျှပ်စစ်စွမ်းအားကို အချိန်မီ တစ်ပြေးညီဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဝန်ကြီးဌာနနှစ်ခုအနေနဲ့ တိုးချဲ့ဖွဲ့စည်းပြီး အချိန်နဲ့တစ်ပြေးညီပြီးစီးနိုင်အောင် တွန်းအားပေးပြီးလုပ်ဆောင်ခဲ့တာကို တွေ့မြင်ရပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကတော့ လျှပ်စစ်စွမ်းအားထုတ်လုပ်ဖို့ အတွက် စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်းများပြုလုပ်ပါတယ်။ အမှတ်(၂)ကတော့ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးချခြင်းဆိုင်ရာလုပ်ငန်းများကိုလုပ်ခဲ့ပါတယ်။ သို့သော်လည်းပဲ ယနေ့ထိကတော့ ၁၉၈၄ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ လျှပ်စစ်ဥပဒေသာရှိပါတယ်။ ၁၉၉၀ မှာတော့ ပုဒ်မအနည်းငယ်၊ အခန်းအနည်းငယ်ကိုပဲ ပြင်ဆင်ခဲ့ပါတယ်။ ယနေ့အချိန်ထိကတော့ အဲ့ဒီတုန်းကထုတ်ပြန်ခဲ့တဲ့ လျှပ်စစ်ဥပဒေကို အခြေခံပြီးတော့ အမိန့်ကြော်ငြာစာတွေ၊ အစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်တွေနဲ့သာ လုပ်ကိုင်နေလျက်ရှိပါတယ်။ ယခုအခါမှာတော့ လိုအပ်တဲ့စည်းမျဉ်းဥပဒေများကို စက်မှု(၁)ဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရေးဆွဲပြင်ဆင်နေတယ်လို့တော့သိရှိရပါတယ်။ ကျွန်တော်တို့ဆိုရင် ၂၀၀၈ ခုနှစ်လောက်မှာစပြီး လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်းတွေကို JV, BOT စသောစနစ်တွေနဲ့ ပြည်တွင်းပြည်ပကုမ္ပဏီများကို ဝန်ကြီးဌာနများ၊ TC အစိုးရဖွဲ့၊ MIC တို့ရဲ့ ခွင့်ပြုချက်နဲ့ လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ အဲ့ဒီတုန်းက လုပ်ကိုင်ခွင့်ပြုခဲ့တဲ့ဟာတွေမှာဆိုရင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းတော်တော်များပါတယ်။ သို့သော်လည်း ၎င်းစီမံကိန်းတွေကနေ ထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားကိုတော့ ပြည်တွင်းမှာအချို့နဲ့ကျန်တာကိုတော့ ပြည်ပကိုထုတ်ပြီးရောင်းချသွားတာပဲ ရှိပါတယ်။ အဲ့ဒီတော့ ပြည်တွင်းမှာရရှိတဲ့ အချို့ကိုတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကပဲ

National Grid ပေါ်တင်ပြီးတော့ ဖြန့်ဖြူးလုပ်ကိုင် နေပါတယ်။ အဲ့ဒီလို လုပ်ကိုင်နေတဲ့ စီမံကိန်းပေါင်းဟာ ပြည်တွင်းပြည်ပနဲ့ ဖက်စပ်လုပ်ကိုင်နေတဲ့ စီမံကိန်းပေါင်းဟာ ၃၀ ကျော်လောက် ရှိပါတယ်။ ဒါပေမယ့် အဲ့ဒါတွေကို ထိန်းချုပ်ကွပ်ကဲဖို့ ဥပဒေပြုစုဖော်ပြရန် လိုအပ်နေပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ပြောရရင်လည်း ကျွန်တော်လည်း တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်မှာရှိတဲ့ အညာဖျား ရေအားလျှပ်စစ် 10 MW ကိုအခုလုပ်ကိုင်အကောင် အထည်ဖော်နေပါတယ်။ ကျွန်တော် ၂၀၀၀ ခုနှစ် လောက်ကနေစပြီးတော့ တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်မီးရရေးအတွက် ကြိုးစားခဲ့ပါတယ်။ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ တနင်္သာရီတိုင်းဟာ National Grid လို့ခေါ်တဲ့ နိုင်ငံတော်ရဲ့ ပင်မ ဓာတ်အားလိုင်းများ ယနေ့အထိ လုံးဝမရှိခဲ့သေးပါဘူး။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့တိုင်းမှာ လိုအပ်နေတဲ့လျှပ်စစ်မီးရရှိနိုင်ရေးအတွက်ကို ကျွန်တော့်အနေနဲ့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုအနေနဲ့ ၂၀၀၀ ခုနှစ်ကတည်းကစပြီးကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကြိုးစားပြီးညှိနှိုင်းခဲ့သော်လည်း အဲ့ဒီတုန်း ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မူအရတော့ လက်ခံပါတယ်။ သို့သော်လည်း ကျွန်တော်တို့ အကြိမ်ကြိမ်အခါခါဆွေးနွေးတဲ့အခါမှာတော့ လျှပ်စစ်ဥပဒေအရ သမဝါယမအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းများကို သမဝါယမဆိုရင် ကီလိုဝပ် ၇၅၀ ထက်မကျော်သော၊ ပုဂ္ဂလိကများဆိုလို့ရှိရင် ကီလိုဝပ် ၃၀၀ ထက် မကျော်သော အသေးစားလုပ်ငန်းကိုသာ လုပ်ခွင့်ပြုထားပြီး ကျွန်တော်တို့ လုပ်မယ့် 10 MW, 20 MW ဆိုတဲ့ဟာတွေက နိုင်ငံတော်ကသာ လုပ်ခွင့်ရှိတဲ့ အခြေအနေဖြစ်ခဲ့တဲ့ အတွက်ကြောင့် အဲ့ဒီတုန်းကတော့ ကျွန်တော်တို့လုပ်ကိုင်ခွင့် မရခဲ့ပါဘူး။ သို့သော်လည်း ၂၀၀၈ ခုနှစ် ကနေစပြီး တိုးတက်လာတဲ့ Demand လိုအပ်ချက်ကို ပြည့်မီနိုင်ဖို့ နိုင်ငံတော်အစိုးရတစ်ခုတည်း မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ပုဂ္ဂလိကပိုင်းကလည်း ဝင်ရောက်လုပ်ကိုင်ဖို့ BOT စနစ် JV စနစ်တို့နဲ့ ခွင့်ပြုတဲ့အခါမှာ ကျွန်တော် ထပ်ပြီးကြိုးစားခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ကျွန်တော်အညာဖျား ရေအားလျှပ်စစ်ကို နှစ် ၆၀ BOT စနစ်နဲ့လုပ်ကိုင်ခွင့်ရရှိခဲ့ ပါတယ်။ အဲ့ဒါကိုလည်း ၂၀၀၉ မှာ MOU နားလည်မှုစာချွန်လွှာထိုးခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလကျမှ Contract ထိုးနိုင်ခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ MIC, TC အစိုးရ အဖွဲ့တို့ရဲ့ခွင့်ပြုချက်တွေရရှိအောင် အဆင့်ဆင့် လုပ်ခဲ့ပြီးမှသာ လုပ်ကိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်လုပ်ကိုင်တဲ့ လုပ်ငန်း လေးဟာ ပြည်တွင်းမှာမှဒေသတွင်းခရိုင်လေး တစ်ခုကိုပဲ မီးပေးနိုင်တဲ့အနေအထား ဖြစ်ပါတယ်။ ပြည်ပကိုရောင်းချဖို့လည်း လုံးဝမရှိပါဘူး။ ဒေသတွင်း၊ ခရိုင်တွင်းတောင်မှ လုံလောက်အောင်အတွက် ထပ်ဆင့်ထုတ်လုပ်နိုင်ဖို့ပါ ကျွန်တော်ကြိုးစားနေပါတယ်။ သို့သော်လည်း ဒီအပေါ်မှာ နိုင်ငံတော် ကတော့ ကျွန်တော်တို့ကို အမြတ်ခွန် ၄၀ ရာခိုင်နှုန်းသတ်မှတ်ပါတယ်။ အဲ့ဒီဟာက ကျွန်တော်

ဆောက်တာ အမှန်တကယ်တော့ အလတ်စားလို့ပဲပြောရပါလိမ့်မယ်။ 10 MW ဆိုတာ အလတ်စားစီမံကိန်းလေးပါပဲ။ နောက် ပြည်တွင်းဒေသဖွံ့ဖြိုးရေးအတွက် ထုတ်လုပ်တဲ့စီမံကိန်းပါပဲ။ သို့သော်လည်း စီမံကိန်းအကြီးကြီးလိုပဲ MW 1000,5000,6000 စသဖြင့်လုပ်တဲ့စီမံကိန်းကြီးတွေလိုပဲ ကျွန်တော်တို့အလတ်စားလေးကိုလည်း အမြတ်ခွန်အနေနဲ့ ၄၀ ရာခိုင်နှုန်းလို့သတ်မှတ်ခဲ့ပါတယ်။ အရင်းမကျေမီကာလမှာတော့ တစ်ဝက် လျှော့ချပြီးတော့ ၂၀ ရာခိုင်နှုန်းလို့သတ်မှတ်ခဲ့ပါတယ်။ ဒါ ကျွန်တော့်အနေနဲ့ကတော့ ကျေနပ်ပါတယ်။ နိုင်ငံတော်ကဒီလို လုပ်ကိုင်ခွင့်ပြုတာကိုလည်း ကျွန်တော်တို့မှာ အရမ်းဝမ်းသာနေပါပြီ။ သို့သော်လည်းပဲ အမြတ်ခွန်နှုန်းကို နည်းနည်းသာ ထပ်လျှော့ပေးနိုင်ခဲ့ရင် ဒေသတွင်းပြည်သူများသက်သက် သာသာနဲ့သုံးနိုင်ပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာလည်း အထောက်အကူဖြစ်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်တစ်ခါ ကျွန်တော့်အနေနဲ့ ဆက်ပြီးတော့ ထားဝယ်ခရိုင်အတွင်းမှာပဲ ကျွန်တော်တို့ရဲ့ ပင်မဓာတ်အားလိုင်းနဲ့မမီနိုင်တဲ့ မိုင် ၇၀၊ ၈၀ ဝေးကွာတဲ့ နယ်စွန်နယ်ဖျားက ရွာလေးတွေ မီးပေးနိုင်ဖို့အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းနဲ့လည်းကိုက်ညီတဲ့ ကီလိုဝပ် ၅၀၀ လောက်အင်အားရှိတဲ့ အသေးစားလေးတွေ တည်ဆောက်ဖို့လည်း နေရာသုံးခု၊ လေးခုမှာ ကျွန်တော် အခုကြိုးစားပြီးတော့လုပ်နေပါတယ်။ ဒါပေမယ့် အဲ့လိုလုပ်တဲ့နေရာမှာ ဒီ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းတွေကို ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့ တိုင်းဒေသကြီးအစိုးရကို လုပ်ပိုင်ခွင့်ပေးထားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရကို ကျွန်တော် လုပ်ပိုင်ခွင့်တင်တဲ့အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရမှာလည်း ကျွန်တော်တို့ကိုခွင့်ပြုမိန့် ချပေးဖို့ဆိုတာ သီးခြားဥပဒေ ပြဋ္ဌာန်းခဲ့ခြင်းလည်း မရှိပါဘူး။ ပြဋ္ဌာန်းခဲ့ခြင်းမရှိတဲ့အတွက်ကြောင့် သူတို့ဟာလည်း ဘယ်လိုခွင့်ပြုမိန့်နဲ့ ဘယ်လို ချပေးရမယ် ဆိုတာဟာလည်း သူတို့မသိတဲ့အတွက်ကြောင့် ဒီနေ့ထက်ထိ ကျွန်တော့်မှာ လုပ်ဖို့ အဆင်သင့်ရှိပေမယ့် လုပ်ကိုင်ခွင့်မရသေးတဲ့အခြေအနေရှိနေ ပါတယ်ခင်ဗျား။ ကျွန်တော်တို့အနေနဲ့ အဖက်ဖက်ကနေ ကြိုးစားလုပ်ကိုင်နေတာလည်း တခြား ပုဂ္ဂလိကအဖွဲ့များ၊ တခြားပြည်ပအဖွဲ့ များလည်း သက်ဆိုင်ရာတိုင်းဒေသကြီးတွေမှာ နောင်ကို လိုအပ်သလို ဝင်ရောက်လုပ်ကိုင်နိုင်ဖို့ အတွက် ပြီးပြည့်စုံတဲ့ ဥပဒေတစ်ခု ပြဋ္ဌာန်းဖို့တော့ လိုအပ်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးပိုင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ချထားပေးနိုင်ဖို့အတွက် MIC Law တစ်ခုတည်းနဲ့တော့ ခွင့်ပြုရုံဖြင့်မလုံလောက်ပါဘူးခင်ဗျား။ အဲ့ဒီတော့သီးခြားပြီးပြည့်စုံတဲ့ လျှပ်စစ်ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက်ကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊

စက်မှု(၁)ဝန်ကြီးဌာနတို့အနေနဲ့ ပူးပေါင်းရေးဆွဲပြီးလွှတ်တော်မှာအတည်ပြုပြဋ္ဌာန်းပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်သင့်ကြောင်း တင်သွင်းလာသောအဆိုနှင့်ပတ်သက်ပြီးတော့ ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ မြန်မာနိုင်ငံမှာလျှပ်စစ်စွမ်းအားကဏ္ဍနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံ အဆင့်ဆင့်ပြောင်းလဲခဲ့မှုကို ရှင်းလင်းတင်ပြလိုပါတယ်။ လွတ်လပ်ရေးမရမီကာလက မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကို အစိုးရကတစ်ပိုင်း၊ ပုဂ္ဂလိကကတစ်ပိုင်းရှိခဲ့ရာမှ လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှာ အစိုးရကနေပြီးတော့ တာဝန်ယူပြီးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လျှပ်စစ် ဓာတ်အားပေးရေးဌာန (Electricity Supply Department)နဲ့ ရေအားလျှပ်စစ်ဓာတ်အားရှာဖွေ တိုင်းတာရေးအဖွဲ့ (Hydro Electricity Survey Board)တို့ကိုပူးပေါင်းပြီးတော့ ၁၉၅၁ ခုနှစ်မှာ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Electricity Supply Board - ESB)ကိုစတင်တည်ထောင်ပါတယ်။ ၁၉၇၂ ခုနှစ်မှာ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း (Electric Power Corporation-EPC) ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်မှာ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှု ဝန်ကြီးဌာန ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့တဲ့အခါမှာ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (EPC) ကို အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်မှာထားရှိခဲ့ပါတယ်။ လျှပ်စစ်စစ်ဆေးရေးဖြစ်တဲ့ (Electrical Inspector)ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ကိုထားရှိခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်မှာ အမှတ်(၂) စက်မှုဝန်ကြီးဌာနကနေပြီးတော့ စွမ်းအင်ဝန်ကြီးဌာနဖွဲ့စည်းတဲ့အခါမှာ (EPC)ဟာ စွမ်းအင် ဝန်ကြီးဌာနအောက်ကို ရောက်ရှိခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

( Myanmar Electric Power Enterprise - MEPE ) အဖြစ်ပြောင်းလဲခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာတော့ စွမ်းအင်ဝန်ကြီးဌာနကနေ တစ်ခါလျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ပြောင်းလဲပြီးတော့ ဝန်ကြီးဌာနဖွဲ့စည်း ခဲ့ပါတယ်။ ၂၀၀၆ မှာတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဆိုပြီး ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ တိုးချဲ့ပြင်ဆင်သွားရတာ ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအခန်းကဏ္ဍဖြစ်တဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်တွေ ဆောလျင်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းသုံးခုကို နိုင်ငံတော်က အဓိကတာဝန်ယူပြီး ထိထိရောက်ရောက်ဆောင်ရွက် နိုင်အောင် စီမံပေးခဲ့ခြင်းပဲဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ လျှပ်စစ်ဥပဒေအပိုင်းနှင့်ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းကို ၁၉၁၀ ခုနှစ်မှာ (Electricity Act)ကို ပြဋ္ဌာန်းကျင့်သုံးခဲ့ရပြီးတော့ ၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံအတွက် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တစ်ခု ဖွဲ့စည်းရန်လိုအပ်လာတဲ့အတွက်ကြောင့် ၁၉၄၈ ခုနှစ်မှာ လျှပ်စစ်ဓာတ်အားပေးရေးအက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ လျှပ်စစ်စစ်ဆေးရေးဌာနကလည်း ၁၉၇၄ ခုနှစ်မှာ စက်မှုဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အဲ့ဒီကာလအခြေအနေတွေနဲ့လိုက်လျောညီထွေဖြစ်တဲ့ လျှပ်စစ်ဥပဒေတစ်ခု ပြင်ဆင်ရေးဆွဲဆောင်ရွက်ခဲ့ရာမှာ ၁၉၈၄ ခုနှစ်မှာ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၇)ဖြင့် လျှပ်စစ်ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ တစ်ဆက်တည်းမှာပင် ၁၉၈၅ ခုနှစ်မှာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဟာ အိန္ဒိယနိုင်ငံလျှပ်စစ်ဆိုင်ရာလုပ်ထုံးလုပ်နည်း (၁၉၃၇ ခုနှစ်)ကိုအခြေခံပြီး လျှပ်စစ်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုလည်း ဝန်ကြီးအဖွဲ့ရဲ့သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ စွမ်းအင်ဝန်ကြီးဌာနရဲ့တင်ပြမှုဖြင့် လျှပ်စစ်ဥပဒေဖြစ်တဲ့ပုဒ်မ ၃၀ နှင့် ၃၁ ကို ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ် (၃/၉၀)နဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာဆိုရင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်အတွင်းမှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဖွဲ့စည်းရန်နှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ဥပဒေကိုပြဋ္ဌာန်းပြီးတော့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီလို ၁၉၈၄ ခုနှစ်က မြန်မာနိုင်ငံမှာ လျှပ်စစ်ဥပဒေရေးဆွဲပြဋ္ဌာန်းတဲ့ကာလဖြစ်တဲ့ ၁၉၈၄-၈၅ ခုနှစ် မြန်မာနိုင်ငံရဲ့ ဓာတ်အားစနစ်အတွင်းမှာ ရေအားလျှပ်စစ်စက်ရုံတစ်ရုံနဲ့ သဘာဝဓာတ်အားပေးစက်ရုံ ခြောက်ရုံ၊ ပင်မဓာတ်အားခွဲရုံ ၁၉ ရုံ၊ မဟာဓာတ်အားလိုင်း ၁၁၉၁ မိုင်သာရှိခဲ့ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ဓာတ်အားစနစ်

အတွင်းမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၇ ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၀ ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံ၊ ပင်မဓာတ်အားခွဲရုံပေါင်း ၁၅၄ ရုံ၊ မဟာဓာတ်အားလိုင်းပေါင်း ၅၇၅၆.၅၁ မိုင်တို့ဖြစ်တာကြောင့် အဆပေါင်းများစွာကွာခြားလာပြီဖြစ်ပါတယ်။

အဲ့ဒီအခြေအနေတွေကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးကနေပြီးတော့မှ လျှပ်စစ်နှင့်သက်ဆိုင်သောကိစ္စရပ်များကို သီးခြားဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများမရှိစဉ်အချိန်က အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ လျှပ်စစ်စစ်ဆေးရေးဌာနမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများမှာ ယခုအချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ယူ၍ စစ်ဆေးဆောင်ရွက်ပါက ပိုမိုသင့်လျော်ကောင်းမွန်မည်ဖြစ်ပါသဖြင့် ဆိုပြီးတော့ ကိစ္စရပ်များကိုဆောင်ရွက်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကနေပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကိုတာဝန်ပေးပြီး လမ်းညွှန်မှုပြုခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးကနေပြီးတော့ ၂၀၁၀ ခုနှစ်မှာ တစ်ခါထပ်ပြီး လျှပ်စစ်ဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်လျော်ညီစွာပြည့်စုံစွာပါရှိရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးဆောင်တာဝန်ယူဆောင်ရွက်သွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်တဲ့ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ရန်လည်း ထပ်မံအကြောင်းကြားခဲ့တဲ့အတွက် ဝန်ကြီးဌာနသုံးခု ညှိနှိုင်းအစည်းအဝေးများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်မှာ ခေတ်နှင့်လိုက်လျောညီထွေမရှိတော့သည့်ဥပဒေအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ရေးဆွဲခြင်းများလိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားရယူဆောင်ရွက်ရန် ညွှန်ကြားတဲ့အတွက် မူလက ၁၉၈၄ ခုနှစ်၊ လျှပ်စစ်ဥပဒေကိုတာဝန်ယူရေးဆွဲခဲ့တဲ့ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကမကထပြုပြီး ၉-၈-၂၀၁၁ ရက်နေ့မှာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုစတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအပြင် အခြားဝန်ကြီးဌာနများနဲ့ ရှေ့နေချုပ်ရုံး၊ ပြင်ပအဖွဲ့အစည်းများဖြစ်တဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် လျှပ်စစ်ပညာရှင်များပါတက်ရောက်ပြီးတော့ ဥပဒေပြုရေးအတွက်ရေးဆွဲခဲ့ပါတယ်။ ၁၉၈၄ ခုနှစ်၊ လျှပ်စစ်ဥပဒေပါပြဋ္ဌာန်းချက်မှာ နိုင်ငံတော်တစ်ဝှမ်းလုံးမှာ လျှပ်စစ်ဓာတ်အားကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းများ၌လည်းကောင်း၊ ယင်းလုပ်ငန်းများကို

လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်စစ်ဆေးရေးဆိုင်ရာကိစ္စများနှင့် လည်းကောင်း သက်ဆိုင်စေရမည်လို့ဖော်ပြထားပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိတဲ့ လျှပ်စစ်စိစစ်ရေးဌာနအနေနဲ့ ၎င်းဥပဒေလုပ်ထုံးလုပ်နည်းများဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရှိရပါတယ်။ သို့သော်လည်း ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများဖြင့်ချိတ်ဆက်ဖွဲ့စည်းထားတဲ့ ဓာတ်အားစနစ်ကိုတည်ဆောက် ထိန်းသိမ်းခြင်း၊ ဓာတ်အားထုတ်လုပ်ခြင်းနှင့်သုံးစွဲမှုတို့ အချိန်တိုင်းညီမျှနေအောင် ဓာတ်အားစနစ်ကို ကိုင်တွယ်ကွပ်ကဲရခြင်း၊ တိုးတက်လာတဲ့ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းဖို့ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားပို့လွှတ်မှု၊ ဓာတ်အားဖြန့်ဖြူးမှုတိုးချဲ့ရေး၊ အနာဂတ်စီမံကိန်းများအတွက် ဓာတ်အားစနစ် စီမံချက်ရေးဆွဲခြင်းစတဲ့ အဓိကလုပ်ငန်းပိုင်းနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းချက်များပါဝင်ခြင်းမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ ဇယား(၂)မှာဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေစာရင်းအောက်ရှိ အပိုဒ် ၄၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ အပိုဒ်ခွဲ(က)တွင် ပြည်ထောင်စုကစီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရေးဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကဆောင်ရွက်ခွင့်ရှိမည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာလည်း လျှပ်စစ်ဥပဒေနှင့်လိုက်လျောညီထွေ ဆောင်ရွက် သွားနိုင်ရေး ပြဋ္ဌာန်းရေးဆွဲရန်လိုအပ်လျက်ရှိပါတယ်။ ကျေးလက်ဒေသများလျှပ်စစ်မီးရရှိရေးနှင့် ပတ်သက်၍ လက်ရှိဥပဒေမှာပါဝင်ခြင်းမရှိတာကိုလည်းတွေ့ရှိရပါတယ်။ ဒါကြောင့် ကျေးလက်ဒေသ များလျှပ်စစ်မီးရရှိရေးဥပဒေပြဋ္ဌာန်းဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး ယခင်ကလည်း ဖြေကြားတင်ပြ ပြီးလည်းဖြစ်ပါတယ်။ ယခုအချိန်အခါမှာ နိုင်ငံတော်အတွင်းမှာ လျှပ်စစ်ကဏ္ဍရင်းနှီးမြှုပ်နှံမှုကို ပုဂ္ဂလိကဖြစ်တဲ့ တိုင်းရင်းသားလုပ်ငန်းရှင်နဲ့ နိုင်ငံခြားသားများကို ပါဝင်ခွင့်ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဖြစ်တဲ့ ရွှေလီ(၁)၊ တာပိန်(၁) စက်ရုံက လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံပြည်တွင်းသုံးသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်း ပို့လွှတ်ရောင်းချနေတာဖြစ်လို့ ပြည်တွင်း၊ ပြည်ပဓာတ်အားရောင်းဝယ်မှုအတွက် ရှင်းလင်းတဲ့ဥပဒေ ပြဋ္ဌာန်းခြင်းလည်း ရှိဖို့လိုအပ်ပြီဖြစ်ပါတယ်။ ဒါ့အပြင် မကြာခင်ပြီးစီးတော့မယ့် သောက်ရေခပ်(၂)၊ အထက်ဘီလူးချောင်းရေအားလျှပ်စစ် စက်ရုံများကလည်း တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ရင်းနှီး မြှုပ်နှံမှုနဲ့ဆောင်ရွက်နေတာမို့ ယင်းစက်ရုံများကဓာတ်အားကို ဓာတ်အားစနစ်ကဝယ်ယူတဲ့အပိုင်း၊

သုံးစွဲသူများကို တိုက်ရိုက်ရောင်းချတဲ့အပိုင်းတွေအတွက် သင့်လျော်တဲ့ဥပဒေများရှိရမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို ရည်ရွယ်ချက်အမျိုးမျိုး၊ စက်မှုစီးပွားရေးပုံစံအမျိုးမျိုးနဲ့ သုံးစွဲလိုကြတဲ့ ဓာတ်အားသုံးစွဲသူများရဲ့လိုအပ်ချက်နဲ့ ဓာတ်အားစနစ်ကပေးနိုင်တဲ့ လျှပ်စစ်ဓာတ်အားအမျိုးအစား၊ ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးများကိုလိုက်လျောညီထွေဖြစ်ဖို့လည်း ဓာတ်အားစနစ်တည်ငြိမ်မှုအတွက် အဓိကကျတာမို့ ဓာတ်အားသုံးစွဲသူများကလည်းအရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ အထက်ပါ ရှင်းလင်းပြခဲ့သလို လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်း၊ ဓာတ်အားစနစ်ထိန်းသိမ်းကွပ်ကဲခြင်း၊ လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်း၊ ဓာတ်အားစနစ်စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းများမှာ အကျုံးဝင်တဲ့ဝန်ကြီးဌာနများအားလုံး ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး၊ ဓာတ်အားသုံးစွဲကြသူများအားလုံးနဲ့သက်ဆိုင်တဲ့ လျှပ်စစ်ဥပဒေပေါ်ပေါက်ရေးအတွက် အထက်အပိုဒ်များမှာ လက်ရှိဥပဒေကို ပြင်ဆင်ရေးဆွဲရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သည့်အတိုင်း ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက် အရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှလည်းကောင်း၊ ယခု ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရလက်ထက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏လမ်းညွှန်အရလည်းကောင်း၊ လျှပ်စစ် ဥပဒေပြဋ္ဌာန်းရေးဆွဲနိုင်ရေး နိုင်ငံတော်အစိုးရမှ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားတင်ပြရင်း ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာတင်သွင်းတဲ့ လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်သင့်ကြောင်း အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးသွားသလို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကလည်း ဂွမဲဆန္ဒနယ်မှ ဦးကြည်သာတင်သွင်းတဲ့ လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်သင့် ကြောင်းလက်ခံပြီး လျှပ်စစ်(၂)ဝန်ကြီးဌာနအပါအဝင် အခြားဌာနများမှလည်း ယခုအဆိုအတိုင်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရတဲ့အတွက် ဒီအဆိုကို မှတ်တမ်းတင်ထားရှိပြီး လွှတ်တော်မှ စောင့်ကြည့်၍ ကူညီဆောင်ရွက်သွားရန်သာလိုကြောင်းတွေ့ရှိရပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာတင်သွင်းတဲ့ လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်သင့်ကြောင်းအဆိုအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရတဲ့အတွက် လွှတ်တော်ကမှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်၍လိုအပ်သောကူညီမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်း၍ဆွေးနွေးအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ပေးပို့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းကို ၂-၁၁-၂၀၁၁ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကလက်ခံရရှိခဲ့ပါတယ်။ ဥပဒေကြမ်းမိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေးပို့တင်သွင်းပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ဖြင့်ပေးပို့လာခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ကော်မတီဝင်ကျွန်တော် ဦးစိုးစိုးက ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

ရည်ညွှန်းချက်(၁)၊ အမျိုးသားလွှတ်တော်၏ ၂-၁၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၁-၅၅၊ ရည်ညွှန်းချက်(၂)၊ ပြည်သူ့လွှတ်တော်ရုံး၏ ၂-၁၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃/ပသ(ကော်မတီ-၁)၁/၂၀၁၁-၂၀၁၂၊ (၁) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကပေးပို့တင်သွင်းသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင်စတင်ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်၌ဆွေးနွေးနိုင်ရန် ၂-၁၁-၂၀၁၁ ရက်နေ့တွင် ရည်ညွှန်း(၁)ပါစာဖြင့်ပေးပို့လာပါသည်။ (၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ

စီမံခန့်ခွဲရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်စုစုပေါင်း ၁၅ ချက်ကို ကိုယ်စားလှယ်များအား အထက်ရည်ညွှန်း(၂)ပါစာဖြင့်ဖြန့်ဝေထားခဲ့ပါသည်။ (၃) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းကို လေ့လာ စိစစ်ခဲ့ရာ အခန်းပေါင်း (၁၀)ခန်း၊ အပိုဒ် (၃၄)ခုပါရှိပြီး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အချက်(၁၅)ချက်ဖြင့် ပြင်ဆင်အတည်ပြုခဲ့သည်ကိုတွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီသည် ဥပဒေကြမ်းများစိစစ်ရမည့်အချက်(၁၂)ချက်အပေါ်မူတည်၍ တွေ့ရှိသည့်အချက်များ၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအပေါ်တွင် အခြေခံလျက်လေ့လာစိစစ်တွေ့ရှိ ချက်တို့ကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီ အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

(က) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)တွင် မူလပြဋ္ဌာန်းချက်သည် “ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ” ဆိုလိုသည်ဟုဖြစ်ပြီး အမျိုးသား လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ “ ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုဆိုသည် ” ဟူ၍ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် ပိုမိုပြည့်စုံကြောင်းတွေ့ရပါသည်။

(ခ) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(စ)တွင် မူလပြဋ္ဌာန်းချက်သည် “ မြေရိုင်းဆိုသည်မှာ သစ်တော၊ ဝါးတော သို့မဟုတ် ချုံနွယ်များပေါက်ရောက်လျက်ရှိသည်ကိုဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေ အနေအထားအရ မြေမျက်နှာပြင်ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုး လုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကိုဆိုသည်။ ယင်း စကားရပ်တွင် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက် သည့်စားကျက်မြေ၊ အင်းအိုင်မြေနှင့်ကြိုးဝိုင်းသစ်တောမြေများလည်းပါဝင်သည်”ဟုဖြစ်ပြီး အမျိုးသား လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ “ မြေရိုင်းဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှစိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း မရှိသော မြေသစ်ဖြစ်သည့်မြေရိုင်းနှင့် တောရိုင်းမြေများကိုဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများလုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်း

သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်းပါဝင်သည် ” ဟူ၍ ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် ပိုမိုပြည့်စုံကြောင်းတွေ့ရပါသည်။

(ဂ) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)တွင် မူလပြဋ္ဌာန်းချက်သည် “ မြေခွန်ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့်၊ အသုံးပြုသည့်လုပ်ငန်း အလိုက် နိုင်ငံတော်သို့ပေးဆောင်ရန် ဤဥပဒေအရသတ်မှတ်သော မြေခွန်ငွေကိုဆိုသည် ” ဟုဖြစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ “ မြေခွန်ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့်၊ အသုံးပြုသည့်လုပ်ငန်းအလိုက် နိုင်ငံတော်သို့ပေးဆောင်ရန် ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများနှင့်အညီသတ်မှတ်သော မြေခွန်ငွေကိုဆိုသည် ” ဟူ၍ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည်ပိုမို ပြည့်စုံကြောင်းတွေ့ရပါသည်။

(ဃ) အခန်း(၂)၊ အပိုဒ် ၃ တွင် “ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်သွယ်လျက်ရှိသော လုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည် ” ဟုဖြစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ “ (က) အသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြား လုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(၃) ဒုတိယဝန်ကြီး(လယ်ယာ) အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး(ဆည်မြောင်း) အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး အဖွဲ့ဝင်
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၈) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၉) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သတ္တုတွင်းဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမ ဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

တို့ဖြစ်ပါတယ်။ (ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်သည် ” ဟူ၍ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် ပိုမိုပြည့်စုံကြောင်းတွေ့ရပါသည်။

(င) အခန်း(၃)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)တွင် မူလပြဋ္ဌာန်းချက်သည် “ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ရပါမည် ” ဟုဖြစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ “(ဂ) ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကိုထိန်းသိမ်းနိုင်ရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊သက်ဆိုင်ရာအခြားဝန်ကြီးဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရမည်ဟုထားရှိပါသည်။(ဃ)နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရသို့တင်ပြရမည် ” ဟူ၍ဖြည့်စွက်ထားရာ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(စ) အခန်း(၄)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ (က)တွင် မူလပြဋ္ဌာန်းချက်သည် “ ပုဒ်မခွဲငယ်(၄)၌ ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် တစ်ဆယ်ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို အဆင့်ဆင့်စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည် ”ဟုပြဋ္ဌာန်းထားပါသည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ

“ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် တစ်ဆယ်ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုကခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည် ” ဟူ၍ဖြစ်ရာ ကျေးလက်ဒေသတောင်သူလယ်သမားများအတွက် ခွင့်ပြုမြေဧရိယာအား ဧက ၅၀ သတ်မှတ်သင့်ကြောင်း စိစစ်တွေ့ရှိရသဖြင့် “ ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၅၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုကခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည် ” ဟု ပြဋ္ဌာန်းသင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဆ) အခန်း(၄)၊ အပိုဒ် ၁၀ တွင် မူလပြဋ္ဌာန်းချက်၌ ပုဒ်မခွဲငယ်(က)နှင့် (ခ)အဖြစ်သာပါရှိပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ ပုဒ်မခွဲငယ်(ဂ)နှင့်(ဃ)ကို ဖြည့်စွက်ထားပါတယ်။ ထို့ကြောင့် “ (ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းခွင့်ပြုနိုင်သည်၊ (ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည် ” ဟူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် အချက်အလက်ပိုမိုပြည့်စုံစေသဖြင့် သဘောတူညီသင့်ကြောင်း တွေ့ရှိရပါသည်။

(ဇ) အခန်း(၄)၊ အပိုဒ် ၁၁ တွင် မူလပြဋ္ဌာန်းချက်၌ ပုဒ်မခွဲငယ်(က)၊ (ခ)နှင့်(ဂ)အဖြစ်သာပါရှိပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ ပုဒ်မခွဲငယ်(ဃ)နှင့်(င)ကို ဖြည့်စွက်ထားပါသည်။ ထို့ကြောင့် “ (ဃ)ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းခွင့်ပြုနိုင်သည်။ (င) အစိုးရကခွင့်ပြုထားသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းခွင့်ပြုနိုင်သည် ” ဟူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် အချက်အလက်ပိုမိုပြည့်စုံစေသဖြင့် သဘောတူညီသင့်ကြောင်း တွေ့ရှိရပါကြောင်း။

(ဈ) အခန်း(၆)၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)တွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ “လုပ်ပိုင်ခွင့်ရမြေကိုစတင်ခွင့်ပြုသည့်နေ့မှစ၍ သုံးနှစ်အတွင်းသတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်” ဟူ၍ဖြစ်ရာ ကာလအပိုင်းအခြားကို တိတိကျကျသတ်မှတ်လိုက်ခြင်းကြောင့် လုပ်ပိုင်ခွင့်ရသူများအတွက်နစ်နာနိုင်သဖြင့် နည်းဥပဒေရေးဆွဲဆောင်ရွက်ခြင်းဖြင့်သာ

သင့်လျော်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့ကြောင့် မူလပြဋ္ဌာန်းချက်ဖြစ်သော "သတ်မှတ်သော ကာလအတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရမည် " ဟု ပြဋ္ဌာန်းသင့်ပါသည်။

(ည) အခန်း(၆)၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(င)တွင် "မူလပြဋ္ဌာန်းချက်သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်"ဟူ၍ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည် ပြုချက်မှာ "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ဗဟိုကော်မတီကသတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည် "ဟု ပြင်ဆင် ထားပါသည်။ သတ်မှတ်ထားသော စကားရပ်အစား အခါအားလျော်စွာသတ်မှတ်သောဟူသည့် မူလပြဋ္ဌာန်းချက်ပါ စကားရပ်သည် အဓိပ္ပာယ်လေးနက်ပြည့်စုံပြီး ကြီးကြပ်ခွင့်ပြုဆောင်ရွက်ရမည့် ဗဟိုကော်မတီအနေနဲ့လည်း အခါအားလျော်စွာ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ကြီးကြပ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ကြောင်း သုံးသပ်ရရှိပါသည်။

(ဋ) အခန်း(၇)၊ အပိုဒ် ၁၇တွင် " ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကိုလိုက်နာနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့များနှင့် သီးခြားအဖွဲ့များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအားသတ်မှတ်ပေးရမည် " ဟုပြဋ္ဌာန်းထားပါသည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ " ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကိုလိုက်နာနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအားသတ်မှတ်ပေးရမည် " ဟု ပြင်ဆင်ထားရာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်သည့်လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များသည် ပိုမိုသင့်လျော်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဌ) အခန်း(၇)၊ အပိုဒ် ၁၈ တွင် " ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စစ်ဆေးရာ၊ သက်ဆိုင်ရာဌာနများစုပေါင်းပါဝင်သော အထူးအဖွဲ့ကို

အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် ” ဟူသော ပြင်ဆင်ချက်၊ အခန်း(၇)၊ အပိုဒ် (၁၉)တွင် “ ဗဟိုကော်မတီသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့်အနည်းဆုံးမြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့် ရှိသည်ဟူသော ပြင်ဆင်ချက်၊ အခန်း(၇)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) တွင် မူလခွင့်ပြုကာလထက်ကျော်လွန် သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုနိုင်ခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟူသော ပြင်ဆင်ချက်တို့သည် မူလ ပြဋ္ဌာန်းချက်ထက်ပြည့်စုံပါသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ပါ ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ည) အခန်း (၈) ၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ) တွင် ဗဟိုကော်မတီသည် (က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ၊ ပေါ်ပေါက် ကြောင်းတွေ့ရှိလျှင် ဥပဒေနှင့်အညီအကာအကွယ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ နှင့်ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်။ (ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့်ချပေးထားသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လက်ရှိ၊ လက်ငုတ်လုပ်ကိုင်နေသော ဒေသခံလုပ်ငန်းရှင်ငယ် များရှိပါက ယင်းတို့အားလည်းနစ်နာမှုမရှိစေရန် ဥပဒေနှင့်အညီညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရမည် ဟူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ်တွင် ဥပဒေနဲ့အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက် ပေးရမည်ဟူသော စကားရပ်အစား ဒေသပေါက်ဈေးနှုန်းနှင့်လိုက်လျောညီထွေဖြစ်သည့် လျော်ကြေး ငွေကို သတ်မှတ်ပေးရမည်ဟု ပြင်ဆင်သင့်ကြောင်းတင်ပြအပ်ပါသည်။

(ဋ) အခန်း (၁၀)၊ အပိုဒ် ၃၀ တွင် မူလပြဋ္ဌာန်းချက်သည် ပုဒ်မ ၂၇၊ ၂၈ နှင့် ၂၉ တို့ပါ ပြစ်မှုများ ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်ဟုဖြစ်ပါသည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ အခန်း (၉) ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟူ၍ဖြစ်ရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့် ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ အမျိုးသားလွှတ်တော်ကပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးအတည်ပြုပြီး ပြင်ဆင်ချက်များ နှင့်အတူ အမျိုးသားလွှတ်တော်သို့ ပေးပို့သွားနိုင်ရေးအတွက် လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန်

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့တွင်ဖွဲ့စည်းခဲ့သော ကော်မရှင်၏အမည်ပြင်ဆင်ခြင်း၊ ကော်မရှင်တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဦးနန္ဒကျော်စွာကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ဖွဲ့စည်းခဲ့တဲ့ တည်ဆဲဥပဒေများစိစစ်သုံးသပ်ရေးကော်မရှင်ကို ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းရန် လျာထားပါတယ်။

၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၉ နဲ့ နည်းဥပဒေ ၈၁ တို့နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များသင့်လျော်သည့်နိုင်ငံသားများနှင့်ဖွဲ့စည်းနိုင်ရေးအတွက် ကော်မရှင်မှာပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် တင်ပြသွားပါမယ်။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးနဲ့ဖွဲ့စည်းမှာဖြစ်ပါတယ်။ အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့ -

| | | | |
|---|---|---|---|
| (၁) | ဦးနန္ဒကျော်စွာ | ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းဆွေ | အမ်းမဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဌေးမြင့် | မြိတ်မဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးလင်းမြိုင် | သံအမတ်ကြီး(ငြိမ်း) | အဖွဲ့ဝင် |
| (၅) | ဦးမြသိမ်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (၆) | ဦးသန်းထွန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) ဒေါက်တာအောင်ထွန်းသက် ပါမောက္ခ(ငြိမ်း) | | အဖွဲ့ဝင် |
| (၈) ဒုတိယဗိုလ်မှူးကြီး အောင်ခင်သိန်း | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၉) ဒေါက်တာတင်မေထွန်း | ပါမောက္ခ | အဖွဲ့ဝင် |
| (၁၀) ဒေါက်တာသီတာဦး | ပါမောက္ခ | အဖွဲ့ဝင် |
| (၁၁) ဦးတင်ဝင်း | ညွှန်ကြားရေးမှူး(ငြိမ်း) တရားရုံးချုပ် | အဖွဲ့ဝင် |
| (၁၂) ဦးခင်မောင်ဦး | တိုင်းဒေသကြီးဥပဒေအရာရှိ(ငြိမ်း) | အဖွဲ့ဝင် |
| (၁၃) ဦးမြင့်လွင် | တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| (၁၄) ဦးသန်းမောင် | တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| (၁၅) ဒေါ်သန်းသန်းရီ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

အတွင်းရေးမှူးအတွက် သီးခြားသတ်မှတ်ဆောင်ရွက်သွားပါမယ်။

၂။ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

၃။ **ကော်မရှင်၏သက်တမ်း**

ကော်မရှင်၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ အများဆုံးတစ်နှစ်သတ်မှတ်သည်။ သို့သော် ကော်မရှင်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေအရ ဆက်လက်ဖွဲ့စည်းထားရှိရန် မလိုအပ်သည့်အချိန်တွင်ဖျက်သိမ်းနိုင်သည်။

၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မရှင်၏သက်တမ်းကာလအတွင်း အဖွဲ့ဝင်များကို လုပ်ငန်းလိုအပ်ချက်အရ သင့်တော်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ **ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ကော်မရှင်သည် -

(က) တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်းနိုင်ရေးတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြရမည်။

(ခ) အထူးကိစ္စရပ်များပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ် ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်။

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကဏ္ဍအလိုက်သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ် များအတွက် ကော်မရှင်အတွင်းတာဝန်ခွဲဝေသတ်မှတ်ဆောင်ရွက်ရမည်။

(င) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံလာသည့် အခါကော်မရှင်အနေဖြင့် အကြံဉာဏ်ပေးရမည်။

၆။ ကော်မရှင်သည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များအားဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၇။ ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်ရှိသည်။

၈။ ကော်မရှင်သည် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်အပေါ်မူတည်၍ လုံခြုံမှုအဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

၉။ **ကော်မရှင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ-**

ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မရှင် အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မရှင်ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ကော်မရှင်တာဝန်အရ ခရီးသွားရာ၌လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များ အတိုင်းခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်းခံစားခွင့်ရှိသည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှကင်းလွတ် ခွင့်ရှိသည်။ လွှတ်တော်သို့တင်ပြခဲ့တဲ့ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များနဲ့ပတ်သက်ပြီးတော့ လွှတ်တော် ကို ရှင်းလင်းတင်ပြလိုပါတယ်။ ဒီကော်မရှင်ရဲ့ အမည်ပါအတိုင်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အတွက် ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရမယ့်သူများနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ၅ လခန့်ကစတင်ပြီးတော့ လေ့လာဆောင်ရွက်ခဲ့ပါတယ်။ လေ့လာ

ဆောင်ရွက်တဲ့နေရာမှာ ဥပဒေကိစ္စရပ်များအပြင် အထူးကိစ္စရပ်များလေ့လာဆန်းစစ်ဖို့ဆိုရာမှာ မိမိတို့ လွှတ်တော်အနေနဲ့တွေ့ရှိလာနိုင်တဲ့ ထူးခြားကိစ္စရပ်များဆိုသည်မှာ -

(၁) ဥပဒေရေးရာကိစ္စရပ်များ

(၂) နိုင်ငံရေး၊ နိုင်ငံတကာရေးရာကိစ္စရပ်များ

(၃) စီးပွားရေးဆိုင်ရာကိစ္စရပ်များ

(၄)လူမှုရေးဆိုင်ရာကိစ္စရပ်များ အခါအားလျော်စွာ ထူးခြားတွေ့ရှိလာနိုင်ပါတယ်။ ဒီပေါ် မူတည်ပြီးတော့ ယနေ့ဖွဲ့စည်းလိုက်တဲ့ ကော်မရှင်အဖွဲ့ဝင်များနဲ့ပတ်သက်ပြီးတော့ ဥပဒေပိုင်းနဲ့ ပတ်သက်ပြီးစဉ်းစားတဲ့အခါမှာ တရားရေးဌာန၊ တရားလွှတ်တော်အသီးသီးမှာ တာဝန်ထမ်းဆောင်ခဲ့ ကြတဲ့အငြိမ်းစားဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ ထိုနည်းတူစွာ ရှေ့နေချုပ်ရုံး အဆင့်ဆင့်သော ရုံးအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ ဒီကနေ့ ဥပဒေပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုနေသော ရှေ့နေ၊ ရှေ့ရပ်များ၊ ဥပဒေနဲ့ပတ်သက်ပြီး သင်ကြားပို့ချနေတဲ့ ဆရာကြီး၊ ဆရာမကြီးများကို ပြည့်စုံစွာပါဝင်နိုင်ရေးအတွက် ရွေးချယ်တာဝန်ပေး ထားပါတယ်။

၃။ ထိုနည်းတူစွာ နိုင်ငံရေး၊ နိုင်ငံတကာရေးရာနဲ့ပတ်သက်ပြီးတော့ဆောင်ရွက်နိုင်ရန် နိုင်ငံရေး အတွေ့အကြုံရှိပြီး နိုင်ငံတကာဆက်ဆံရေးအတွေ့အကြုံရှိကြတဲ့ သံအမတ်ကြီး၊ ညွှန်ချုပ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနကပုဂ္ဂိုလ်များပါဝင်ပါတယ်။ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ စီးပွားရေးအတွေ့အကြုံရှိ သောပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေနဲ့ အခါအားလျော်စွာပေါ်ပေါက်လာတဲ့ အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်တဲ့အခါမှာ ဒီအဖွဲ့အနေနဲ့ အားလုံးပြည့်စုံတဲ့အတွက် မိမိတို့ လွှတ်တော်ရဲ့အားများစွာရရှိလာမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒီနေ့ လွှတ်တော်မှာ အဓိကထား ဆောင်ရွက်နေတာကတော့ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ အများပြည်သူတွေရဲ့ အကျိုးစီးပွားများကို ဖော်ဆောင်ပေးနေတဲ့အတွက် အခုဖွဲ့စည်းလိုက်တဲ့ကော်မရှင်အဖွဲ့ဝင်များရဲ့ ပညာရပ်အတွေ့အကြုံ စေတနာများဟာ လွှတ်တော်တွင်မကဘဲနဲ့ နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကိုဆောင်ရွက်နိုင်မယ်လို့ ယူဆတဲ့အတွက် အခုလိုရွေးချယ်တာဝန်ပေးဆောင်ရွက်ခြင်းပဲဖြစ်ကြောင်းတင်ပြပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှာ ပါဝင်သင့်တဲ့အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၊ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနဲ့ အတွင်းရေးမှူးဆိုတာကတော့ ဒါသီးခြားတင်ပြမှာဖြစ်ပါတယ်။ အမည်စာရင်းကို တင်ပြလို့ပြီးပါပြီ။

ကော်မရှင်ဖွဲ့စည်းမှုနဲ့ ကော်မရှင်ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းတင်ပြမှုများကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှုဖြစ်ပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဖွဲ့စည်းရန်တင်ပြချက်ကိုလည်းကောင်း၊ ကော်မရှင်ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းသည့်တင်ပြချက်ကိုလည်းကောင်း လွှတ်တော်ကအတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်လိုသူရှိပါသလားခင်ဗျား။ လွှတ်တော်က အတည်ပြုတဲ့အတွက် ဦးနန္ဒကျော်စွာ၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အား အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော ''မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း''နှင့်စပ်လျဉ်း၍ဆွေးနွေးရန်အဆိုတင်သွင်းလိုသူ အမည်စာရင်းတောင်းခံခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေးမယ့်ရက်ကိုထပ်မံကြေညာပါမယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ ဆွေးနွေးရန်အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ၁၈-၁၁-၂၀၁၁ ရက် (သောကြာနေ့) ၁၂း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ကြဖို့ဖြစ်ပါတယ်။ ယခု နေ့လယ်စာ စားသုံးရန် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁ း ၅၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

[ အစည်းအဝေးကိုတစ်နာရီခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၂ း ၅၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော ''ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်း''နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသည့်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးခြင်းများပြုလုပ်မှာဖြစ်ပါတယ်။ ဒီမတိုင်ခင် ကျွန်တော် လွှတ်တော်သို့ အနည်းငယ်ရှင်းလင်းတင်ပြရန်ရှိပါတယ်။ ဒီနေ့မနက်အဆိုတစ်ခုကို ဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီမတိုင်ခင် ပြီးခဲ့တဲ့ရက်ကလည်း ဒီအဆိုကိုစတင်ပြီးတော့ ဂွမဲဆန္ဒနယ်က ဦးကြည်သာစပြီးတင်ခဲ့ပါတယ်။ အဲ့ဒီ မတိုင်ခင် ကျွန်တော်လွှတ်တော်ကိုတင်ပြထားတာကတော့ လာမယ့်ရက်တွေမှာ မေးခွန်းတွေ၊ အဆိုတွေ မရှိဘူး။ ဥပဒေကြမ်းအတွက်ပဲဆွေးနွေးမှာဖြစ်တယ်လို့ ကျွန်တော်ဒီလို ကြေညာတင်ပြခဲ့ပါတယ်။ သို့ရာတွင် ဦးကြည်သာတင်သွင်းတဲ့အဆိုဟာ ဒီနေ့လတ်တလော ကျွန်တော်တို့နိုင်ငံအတွက်လိုအပ်နေတဲ့ ဥပဒေဖြစ်မြောက်ရေးအတွက် အရေးကြီးတဲ့အဆိုဖြစ်တဲ့အတွက် အချိန်မရှိတဲ့ကြားထဲက ကျွန်တော်ပေး ထားတဲ့ကတိကိုဖျက်ပြီးတော့ လက်ခံဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကိုလည်း ကိုယ်စားလှယ်များ နားလည်စေချင်ပါတယ်။ ဒီလိုပဲ ဒီကြားထဲမှာ ကျွန်တော်တို့တင်ထားတဲ့ မေးခွန်းတွေရှိတယ်။ အဆိုတွေ ရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အလှည့်ဘယ်တော့ရောက်မလဲ။ ကျွန်မတို့အလှည့်ဘယ်လောက် ရောက်မလဲ။ ဒီလိုလည်းသီးခြားစေတနာနဲ့ လာတင်ပြတာရှိပါတယ်။ တင်ပြချက်တွေက စေတနာနဲ့ပါ။ ဒါကိုလည်း ကျွန်တော်နားလည်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ လွှတ်တော်ရဲ့အချိန်၊ လွှတ်တော်ရဲ့ လုပ်ရမယ့်အလုပ်တွေပေါ်မူတည်ပြီးတော့ ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ ပြန်နားလည်ပေး ဖို့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက ဒီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ဒီနေ့ဆွေးနွေးမှာပါ။ ဆွေးနွေးတဲ့အခါမှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနဲ့ အခု ဒီအစည်းအဝေးမတိုင်ခင်တွေ့ဖို့ ကျွန်တော်တို့ချိန်းဆိုပါတယ်။ တွေ့ပြီးပါပြီ။ တွေ့ရတဲ့ အကြောင်းရင်း ကတော့ တစ်ချိန်တုန်းက ဒီဥပဒေကြမ်းဖြစ်မြောက်ရေးအတွက်တင်ပြဆွေးနွေးတဲ့နေရာမှာ ပြည်ထောင်စု ဝန်ကြီးအနေနဲ့ ကျွန်တော်မေးတဲ့မေးခွန်းအပေါ်မှာမူတည်ပြီးတော့ ဒီမှာသူဖြေသွားတာရှိပါတယ်။ မေးခွန်းဆိုတာသီးခြားမေးခွန်းမဟုတ်ဘဲနဲ့ ဒီမှာဖြေသွားတာကကျွန်တော်တို့ဒီဥပဒေပြဋ္ဌာန်းဆောင်ရွက် တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုကို တစ်ခုတည်းမကြည့်ဘဲနဲ့ နိုင်ငံတော်ရဲ့ဖွံ့ဖြိုး

တိုးတက်မှုကိုလည်းကြည့်ပြီးတော့ မျှပြီးတော့ ထိန်းညှိပြီး ဆောင်ရွက်သွားမယ်ဆိုတဲ့စကားလည်း ကျွန်တော်ပြန်ကြားမိပါတယ်။ ဒီနောက်ပိုင်း လွှတ်တော်ကိုယ်စားလှယ်တွေ၊ အမြင်တွေ၊ သဘောထားတွေလည်းထပ်ပြီးကြားရတာရှိပါတယ်။ ကြားရတာရှိတဲ့အတွက် ခုနက ပြည်ထောင်စုဝန်ကြီးကို မေးခွန်းကျွန်တော်ထပ်မေးပါတယ်။ မေးခွန်းပေါ်မူတည်ပြီးတော့ ပြည်ထောင်စုဝန်ကြီးပြန်ပြီးရှင်းပြတာက ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ဒီဥပဒေမရှိဘူး။ မရှိတဲ့အတွက် နိုင်ငံတကာနဲ့ဆက်ဆံပြောဆိုတဲ့အခါမှာ အခက်အခဲရှိတယ်။ Pressure တွေလည်းရှိတယ်။ ဒါ့အပြင် ဒီနေ့ နိုင်ငံတကာက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်တဲ့သူများက ဒီဥပဒေရှိလားလို့မေးတဲ့အခါမှာ အခုကျတော့ရှိတယ်လို့တော့ တိုက်ရိုက်မဖြေဘဲနဲ့ ဥပဒေပြုနေပြီဆိုတဲ့အပေါ်မူတည်ပြီးတော့ ရင်းနှီးမြှုပ်နှံလိုတဲ့လူတွေက ပိုပြီး စိတ်ဝင်စားတယ်။ ပိုပြီးအာမခံချက်ရှိမယ်ဆိုတဲ့ အယူအဆမျိုးတွေလည်းရှိတယ်ဆိုတာသိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းဟာမူလကတည်းက မူလဆိုတာ အချိန်တော်တော်ကြာကြာကတည်းက ရေးဆွဲပြီးတော့ အတည်ပြုပြဋ္ဌာန်းနိုင်တဲ့အနေအထားမရှိသေးဘဲနဲ့ ကျွန်တော်တို့ Pending ဖြစ်နေတဲ့ အနေအထားရှိတယ်ဆိုတာသိရပါတယ်။ ဒါကြောင့်မို့လို့ မကြာသေးခင်ကာလက သက်ဆိုင်ရာဝန်ကြီးကို ဒီဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ဒီဥပဒေကြမ်းကို လွှတ်တော်ကိုတင်ပြ၊ တင်ပြပြီးတဲ့အခါမှာ လွှတ်တော်ရဲ့ ဒီဆွေးနွေးချက်များနဲ့ အတည်အဖြစ်လုပ်ပါဆိုပြီးတော့ အစိုးရအဖွဲ့က ဒီလိုတာဝန်ပေးတယ်လို့သိရပါတယ်။ ဒီပေါ်မူတည်ပြီးတော့ ဝန်ကြီးအနေနဲ့ဒီလို ဥပဒေကြမ်းကိုတင်ပြဆောင်ရွက်ခြင်းဖြစ်တယ်။ အဲ့ဒီအခါမှာ ဒီနေ့ဆွေးနွေးမယ်။ ဆွေးနွေးတဲ့အခါမှာ ဝန်ကြီးဘက်ကကော အားလုံးအသင့်ဖြစ်လားဆိုတဲ့အခါမှာ အသင့်ဖြစ်ပါတယ်။ ဒါပေမယ့် တချို့ဒီလွှတ်တော်ကိုယ်စားလှယ်များတင်ပြချက်က အခုမှပဲရတယ်။ ဒါကြောင့်မို့လို့ရတဲ့ဟာက အခုမှရတဲ့အတွက်ကိစ္စမရှိဘူး။ ဒီတင်ပြချက်ကိုပဲကျွန်တော်ပြေလည်အောင်ဖြေရှင်းပါမယ်လို့ ဒီလိုပြောပါတယ်။ ကျွန်တော့်ဘက်က ဘာပြန်ပြောလဲဆိုရင် ဒီတင်ပြချက်တွေ ဝန်ကြီးဌာနကိုမရောက်သေးဘူးဆိုလို့ရှိရင် ဒီအစည်းအဝေးရွှေ့ဆိုင်းလို့ရတယ်။ ဒါမှ ဒီဘက်ကကိုယ်စားလှယ်များတင်ပြတာကို ပြန်ဖြေဖို့အတွက်လည်း ကိုယ့်ဘက်ကပြည့်စုံတဲ့အဖြေတွေ ပေးနိုင်မယ်လို့ ကျွန်တော်ကပြောတဲ့အခါမှာ ဝန်ကြီးကရပါတယ်။ ကျွန်တော်ဖြစ်နိုင်သမျှပြည့်စုံအောင်ဖြေမယ်လို့ပြောပါတယ်။ အဲ့ဒီအတိုင်းပဲ ဒီနေ့သက်ဆိုင်ရာ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကအတွင်းရေးမှူးနဲ့ အဖွဲ့ဝင်တစ်ယောက်လည်းလာပြီးတော့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်အားလုံးနားထောင်ပြီး ခုနကဒီအစည်းအဝေးမှာ အားလုံးတင်ပြနိုင်ဖို့ အတွက် ဒီကော်မတီဝင်များရဲ့ Capacity Building တည်ဆောက်ဖို့ကတော့ ကျွန်တော့်ဘက်က ပြန်ပြောတာက အချိန်နောက်ကျသွားပြီ။ အဲ့ဒီဆွေးနွေးဖို့ကိစ္စကတော့ ဒီဥပဒေကြမ်းဆိုတဲ့နေရာမှာ

ကျွန်တော်ပြောတာ လွဲသွားပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာကော်မတီအနေနဲ့ ဆွေးနွေးစရာရှိတာတော့ ဆွေးနွေးပါ။ ဒီပေါ်မူတည်ပြီးတဲ့အခါမှာ ကျန်တဲ့ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်ပြီးတော့ ရှင်းလင်းဖြေကြားဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကတော့ အဓိကပြောမယ်ဆိုရင် နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုဖြစ်ထွန်းစေမယ့်၊ ကာကွယ် စောင့်ရှောက်နိုင်တဲ့ဥပဒေတွေ အလျင်အမြန်ထွက်ပေါ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေတစ်ခုပြုတဲ့ အခါမှာ ခုနက ရည်ရွယ်ချက် ပေါက်မြောက်အောင် ကျွန်တော်တို့ ပြုဖို့လိုပါတယ်။ အဲ့ဒီလိုပြုတဲ့ အခါမှာလည်း ဒီနေ့ ပြုလိုက်တာနဲ့ ဒီဥပဒေဟာ အားလုံးပြည့်စုံသွားပြီဆိုတဲ့ အနေအထားလည်း မှတ်ယူလို့မရဘူး။ ကာလ၊ ဒေသ၊ အခြေအနေ ပြောင်းလဲတဲ့အပေါ်မူတည်ပြီးတော့ ဥပဒေကို ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့ ဆိုတာလိုနေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့မှာတော့ ဒီနေ့၊ ဒီကာလအခြေအနေနဲ့ လိုက်လျောညီထွေရှိပြီး မိမိတို့နိုင်ငံတော်၊ မိမိတို့နိုင်ငံသားများရဲ့ အကျိုးစီးပွားများကို ဖြစ်ထွန်းစေမယ့် ဥပဒေများဖြစ်ပေါ်ရေး၊ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုကာကွယ်နိုင်တဲ့ ဥပဒေဖြစ်ရေးကို အလေးထားပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ အချိန်ကုန်၊ လူပန်း၊ ငွေကုန်ကြေးကျခံပြီး လုပ်နေတယ်ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကိုလည်း ထိရောက်စေချင်ပါတယ်။ အဲ့ဒီတော့ လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့လည်း ဒီလို စိတ်ဝင်စားစွာဆွေးနွေးတဲ့ဟာကလည်း နိုင်ငံအကျိုး၊ အများပြည်သူအကျိုး အတွက်ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီလိုလုပ်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ် များဘက်က အလေးထားဆောင်ရွက် စဥ်းစားပြီးတော့ တင်ပြတဲ့အခါမှာ ပင်ပန်းမှုရှိသလို ကျွန်တော့်ဘက်ကလည်း ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဘက်ပေါင်းစုံကဝင်လာတဲ့ Issue တင်ပြချက်တွေကို ပြည့်ပြည့်စုံစုံ နားထောင်ပြီးတော့မှ ဆုံးဖြတ်တာကပိုပြီးတော့မှန်နိုင်မှာဖြစ်တဲ့အတွက် ပြောမယ်ဆိုရင် ဒီလွှတ်တော် ရောက်လာပြီး အခန်းထဲမှာထိုင်နေတဲ့ အချိန်ကနေပြီးတော့ ပြန်သွားတဲ့အချိန်အထိ ကျွန်တော်နားနဲ့ နားထောင်ရတာရှိတယ်။ ပါးစပ်နဲ့ ပြန်ရှင်းပြတာရှိတယ်။ လုံးဝ မနားရပါဘူး။ ဒါကိုလည်း ကျွန်တော်တစ်ခါ ပြောပြီးပါပြီ။ ဒါကိုဒုက္ခလို့ ယူဆလည်းဒုက္ခ၊ သို့ရာတွင် ဒီဒုက္ခကို ကျွန်တော် ဝမ်းမြောက်ဝမ်းသာခံယူပြီး ကျွန်တော်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုပြောခြင်းဟာ ဒီနေ့လုပ်မယ့် အစည်းအဝေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုဖြစ်စေတဲ့ ဥပဒေများဖြစ်ပေါ်ရေးကိုပဲ ကျွန်တော်တို့ရှေးရှုဆောင်ရွက်နေတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အားလုံးမိမိတို့ရဲ့အမြင်၊ မိမိတို့ရှုထောင့်ကနေပြီးတော့ ပွင့်လင်းစွာဆွေးနွေးလို့ရပါတယ်။ တစ်ဖက်ကလည်း ဒါကို ကျွန်တော်တို့က ဒီကိစ္စနဲ့ပတ်သက်လို့

အချိန်ကုန်လိုက်တာကွာဆိုတဲ့ အနေအထားမဟုတ်ဘဲနဲ့ အချိန်ကုန်ရင်ကုန်ပါစေ၊ ပင်ပန်းရင် ပင်ပန်းပါစေ၊ ကျွန်တော်တို့ဆောင်ရွက်မှုက တကယ့်နိုင်ငံတော်နဲ့ ပြည်သူများရဲ့အကျိုးစီးပွား ဖြစ်အောင်လုပ်နေတယ်ဆိုတဲ့ခံယူချက်နဲ့လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့လုပ်ရတာ ပျော်ပျော်ရွှင်ရွှင် နဲ့ အားလုံးပြီးမြောက်သွားနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီနေ့အစည်းအဝေး ဆက်လက်ပြီးတော့ဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ပေးပို့ထားတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဆွေးနွေး ခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းမပြုမီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်းတင်ပြထားတဲ့ မြိတ် မဲဆန္ဒနယ်မှ ဦးဌေးမြင့်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမြင့်ဖြစ်ပါတယ်။ ယခု တင်ပြမှာကတော့ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် ပြဋ္ဌာန်းရန်အချိန်နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသွားပါမယ်ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို အမျိုးသားလွှတ်တော်မှ တစ်ဆင့် ပြည်သူ့လွှတ်တော်သို့ဆွေးနွေးနိုင်ပါရန်ပေးပို့ထားရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင်လက်ခံရရှိပြီးဖြစ်ပါတယ်ခင်ဗျား။ ဤ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုလေ့လာရာတွင် ဥပဒေ၏ရည်ရွယ်ချက်များမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသော်လည်း ဤဥပဒေပါအချက်အလက် စည်းမျဉ်းစည်းကမ်းများမှာ နိုင်ငံအတွင်းရှိ အစိုးရပိုင် သို့မဟုတ် အဖွဲ့အစည်းပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ သက်ရောက်သည်နှင့်အမျှ အချင်းချင်းလုပ်ဆောင်နိုင်ရန် အခက်အခဲများ များစွာကြုံတွေ့ရနိုင် ကြောင်း တွေ့ရှိရပါတယ်။

အကြောင်းအရင်းမှာ -

(၁) နိုင်ငံတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းအများစုမှာ အရင်းအနှီးပေါ်မူတည်၍ ဆောင်ရွက်ထားမှုများကြောင့်လည်းကောင်း၊ နည်းပညာနိမ့်ကျနေ၍လည်းကောင်း ဒီ ဥပဒေပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသေးပါ။

(၂) ဒီဥပဒေပါစည်းကမ်းချက်များ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းတွင် အတတ်ပညာများ၊ နည်းပညာများနိမ့်ကျနေခြင်းနှင့် နည်းပညာအသစ်များဝယ်ယူရန် ငွေကြေးအရင်းအနှီးများမြောက်မြားစွာ ထပ်မံလိုအပ်လျက်ရှိနေခြင်း၊ အစိုးရဦးစီး၍ ပတ်ဝန်းကျင်ထိန်းသိမ်းမှုမှရရှိသော နိုင်ငံတကာနည်းပညာအကူအညီများ၊ ငွေကြေးအကူအညီများ၊ Carbon Credit ကဲ့သို့သော အစီအမံများဆောင်ရွက်ထားရှိမှုမရှိသေးခြင်းတို့ကြောင့်လည်းကောင်း၊

(၃) ခေတ်မီဖွံ့ဖြိုးပြီးသောနိုင်ငံများမှ စီးပွားရေးပိတ်ဆို့အရေးယူခံထားခြင်းမှ မလွတ်ကင်းသေး၍ ရသင့်သောအခွင့်အရေးများမရရှိဘဲ ပြည်ပမှသက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဖိအားပေးမှုများကြုံတွေ့နေရသောအခြေအနေတွင်သာ တည်ရှိနေခြင်းကြောင့်လည်းကောင်း၊

(၄) အချို့သောလုပ်ငန်းများသည် ဤဥပဒေပါစည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးအရင်းအနှီးအမြောက်အမြားနှင့် အချိန်သုံးနှစ်ခန့်အထိ လိုအပ်မည်ဖြစ်ကြောင်းတွေ့ရပါသည်။

(၅) ဤဥပဒေပါပြဋ္ဌာန်းချက်များ ချက်ချင်းအသက်ဝင်မည်ဆိုပါက တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများမှသည် စက်ရုံအလုပ်ရုံအသေး၊ အလတ်၊ အကြီး အမြောက်အမြား ချက်ချင်းရပ်ဆိုင်းရမည့် အခြေအနေများကိုတွေ့ကြုံနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းလုပ်ငန်းများနှင့်ဆက်နွယ်လျက်ရှိသော လုပ်သားများအလုပ်ပြုတ်ကြ၍ ပြည်တွင်းကုန်ပစ္စည်းလိုအပ်ချက် အများအပြားပေါ်ပေါက်လာမည်ကိုလည်း ရင်ဆိုင်ရနိုင်ပါသည်။

(၆) ဤဥပဒေမျိုးကို ကမ္ဘာပေါ်တွင် အချမ်းသာဆုံးသောနိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ပင်လျှင် အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ အပိုင်းလိုက် တဖြည်းဖြည်း တစ်ခုချင်းအချိန်ယူပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂတွင်

ဝင်းနိုင်ငံများသည် ကာဗွန်ဒိုင်အောက်ဆိုက်ဒ် လျှော့ချရေးအစီအစဥ်တွင် မပါဝင်သေးသည်က သက်သေသာဓကပင်ဖြစ်ပါသည်။

(၇) နောင်လုပ်ကိုင်မည့် လုပ်ငန်းစဥ်များတွင် ဤဥပဒေပါရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဤဥပဒေပါအချက်များကို လေးစားလိုက်နာရန် ဥပဒေမပြဋ္ဌာန်းမီကပင်ကြိုတင်၍ အစီအမံများဆောင်ရွက်ထားရပါသည်။ လက်ရှိအနေအထားတွင် တစ်နိုင်ငံလုံးရှိ အသေး၊ အလတ်၊ အကြီး စီးပွားရေးလုပ်ငန်းများအားလုံးကို ပညာပေးကာလ၊ စည်းရုံးရေးကာလ၊ အတတ်ပညာပြောင်းလဲရေးကာလ၊ အရင်းအနှီးမြှုပ်နှံမှု စိုက်ထုတ်ဆောင်ရွက်နိုင်ရေး ကာလတို့ကိုပါ အဆင့်လိုက်သတ်မှတ်ပြီး အနည်းဆုံးသုံးနှစ်မှ ငါးနှစ်ထိအချိန်ပေး လုပ်ဆောင်ပြီးမှသာ ဒီဥပဒေပြဋ္ဌာန်းဆောင်ရွက်သင့်ပါကြောင်းတင်ပြလိုပါတယ်။

(၈) နိုင်ငံတော်၏လက်ရှိအခြေအနေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဖြစ်သည့်အပြင် စက်မှုထွန်းကားမှု အနည်းဆုံးနိုင်ငံလည်းဖြစ်ပါသည်။ ဒို့အပြင် မကြာခင်ကျရောက်မည့် AFTA 2015 ကိုလည်း ယှဥ်ပြိုင်ကျော်လွှားရမှာဖြစ်သည့်အတွက် သတိကြီးစွာဖြင့် ဆင်ခြင်သုံးသပ်ဆောင်ရွက်ရမည့် အခြေအနေဖြစ်ပါသည်။

(၉) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဥပဒေပြုရေးကို ပြည်သူ့လွှတ်တော်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်စဥ်းစားသုံးသပ်ရာတွင် ပြည်တွင်းစက်မှုလက်မှုနှင့်အခြားကိစ္စရပ်များ လက်ရှိဆောင်ရွက်ထားမှုအခြေအနေ၊ အာဆီယံနိုင်ငံများထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိသည့် ဆောင်ရွက်ပုံဆောင်ရွက်နည်းစနစ်များလေ့လာနိုင်ရန် အချိန်ယူရမည့်အပြင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများပေါ်လည်းကောင်း၊ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများအပေါ်လည်းကောင်း သဘာဝပတ်ဝန်းကျင်ကိုအကြောင်းပြု၍ စီးပွားရေးအနိုင်ကျင့်မှုများကို သတိထားရှောင်ရှားလုပ်ကိုင်နိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ရေးကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မည်ဟုယူဆပါသည်။

(၁၀) မြန်မာနိုင်ငံသည် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှုမရှိသေးသော နိုင်ငံဖြစ်သည့်အလျောက်ပတ်ဝန်းကျင်ညစ်ညမ်းမှုစံနှုန်းများအောက်တွင် တည်ရှိနေသည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ သစ်တောဖုံးလွှမ်းမှုအနေအထားမှာ ၄၇ ရာခိုင်နှုန်းအထိ တည်ရှိနေသည့်အပြင် နိုင်ငံစီးပွားတိုးတက်ရန်အတွက်ဆောင်ရွက်ရာတွင် သစ်တော၊ သစ်ပင်

အစဉ်တည်ရှိစေရန်အတွက် ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာ၊ ရာဘာ၊ ဆီအုန်းစသည့် နှစ်ရှည်စိမ်းလန်းပင်များကိုလည်း တိုးချဲ့စိုက်ပျိုးနေခြင်းပင်လျှင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားခြင်းဖြစ်ပါသည်။ ယခုအခါကမ္ဘာကြီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များ ခေတ်ထနေလျက်ရှိပါသည်။

သို့သော်လည်းပဲ မိမိတို့နိုင်ငံအတွက် ပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံ၏ နောက်ကျကျန်ခဲ့သော စီးပွားရေးကိစ္စရပ်များ၊ လူမှုရေးကိစ္စရပ်များ၊ အသိပညာ၊ အတတ်ပညာကိစ္စရပ်များ၊ ငွေကြေးလိုအပ်ချက်များထည့်သွင်းစဉ်းစားပြီးမှသာ ပုံစံရေးဆွဲကြရမည်ဖြစ်ပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အောက်တိုဘာလ ၂၂ ရက်၊ ၂၃ ရက်သတင်းစာမှာ လက်တစ်ဖက်ကောင်းဆောင်းပါး မောင်သစ်ရေးသားခြင်းများသည် တိုင်းပြည်၏ တိုးတက်ဖွံ့ဖြိုးရေးကို ရပ်တန့်နှောင့်နှေးစေပါသည်။ မကြာမီကဖြစ်ပေါ်ခဲ့သော မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရေကြီးမှုတွင် ဖြစ်ခဲ့သည့် ပခုက္ကူ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့နယ်တို့သည် သဘာဝဖြစ်တည်မှုတစ်ခုတည်းကြောင့် ဆုံးဖြတ်လို့မရပေ။ အဘယ်ကြောင့်ဆိုသော် သဲသောင်၊ မြေနုကျွန်းများပေါ်တွင် စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ထားသော ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများမှာ ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းမှုတွေ့ကြုံလာသည့်အခါ အန္တရာယ်ကိုလက်ယပ်ခေါ်နေသည်ဆိုတာ မည်သူမျှမတွေးမိဘဲ စနစ်တကျဆောင်ရွက်ထားမှုမရှိခြင်း၊ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် အရင်းအနှီး၊ အတတ်ပညာအားနည်းခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုမရှိခြင်းတို့ကြောင့် ရာသီဥတုပြောင်းလဲမှု မိုးသည်းထန်စွာရွာသွန်းချိန်တွင် ယခုလိုမျိုးအဖြစ်ဆိုးနဲ့ ကြုံကြရသည်ကို အမှန်သိရှိဖို့အတွက် သုံးသပ်ဖို့က အရေးကြီးလှပါတယ်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ ၂၀ဝ၈ ခုနှစ်၊ အခြေခံဥပဒေအရ ကျွန်တော်တို့ရဲ့ လွှတ်တော်သည် အဓိကဥပဒေပြုရမည့်တာဝန်များရှိသည့် နိုင်ငံတော်အဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ ဥပဒေသစ်များရေးဆွဲရာတွင် နိုင်ငံ့အတွက် အရေးတကြီးလိုအပ်မည့်ဥပဒေများကို စတင်ရေးဆွဲခြင်းနှင့် တည်ဆဲဥပဒေများကိုပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းများကို ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပြီး အသစ်ထပ်မံလိုအပ်သည့် ဥပဒေများကို အမှားအယွင်းနည်းစွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် အချိန်ယူဆောင်ရွက်သင့်ပါသည်။ တစ်နည်းအားဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံသည် အပြောင်းအလဲကာလကူးပြောင်းလာတာ တစ်နှစ်ပတ်ဝန်းကျင်ရှိပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလက ရွေးကောက်တင်မြှောက်ပွဲများကျင်းပခဲ့ပြီးတော့ ဧပြီလမှာ နိုင်ငံတော်အစိုးရသစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီကနေ့လွှတ်တော်အသီးသီးကျင်းပနေတာ တစ်ကြိမ်မှနှစ်ကြိမ်အထိ ရောက်ရှိပြီး

လုပ်ငန်းတွေသွက်လက်မြန်ဆန်လာတာတွေ့ရပါသည်။ နိုင်ငံရေးများပြောင်းလဲလာ တာတွေ့ရပါသည်။ မီဒီယာများပြောင်းလဲလာတာ တွေ့ရပါတယ်။ အခြားကဏ္ဍများတွင် အားနည်းလျက် ရှိသေးသည်ကိုလည်း သတိထားမိကြမှာဖြစ်ပါတယ်။ သို့အတွက် တိုင်းပြည်နှင့်လူမျိုးအတွက်၊ နိုင်ငံတော်အတွက် ဆောင်ရွက်တဲ့နေရာမှာ ပါတီစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲနဲ့ နိုင်ငံသားအားလုံး ကောင်းစားဖို့အတွက် နိုင်ငံတော်ကြီးကောင်းစားဖို့အတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြပါလို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားနဲ့ဆက်လက်ဆွေးနွေးပါမယ်။ စာမျက်နှာ ၁ ပါ အမှတ်စဉ် ၂၊ အပိုဒ် ၂ နဲ့ပတ်သက်ပြီးတော့ ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကိုပြင်ဆင်ရန် အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်။ အမှတ်စဉ် ၂၊ အပိုဒ် ၂ အပိုဒ်ခွဲ(င)မှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်အဆိုပြုချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ညစ်ညမ်းမှုဆိုသည်မှာ ပတ်ဝန်းကျင်ကိုအကျိုးရှိစွာအသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကိုဖြစ်စေ၊ တိရစ္ဆာန်နှင့်အပင်များကိုဖြစ်စေထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ သတ်မှတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ရှိပစ္စည်းများ၊ ညစ်ညမ်း ပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကိုစွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်း၊ မြေထု၊ လေထု၊ ရေထုအပါအဝင် ပတ်ဝန်းကျင်အစိတ်အပိုင်းတစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝဆိုင်ရာဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေရန် သက်ရောက်စေမှုတစ်ရပ်ရပ်ကိုဆိုသည်။ ကျွန်တော် ဒီစကားရပ်ကိုပြောင်းပြီးတော့ အဆိုပြုရခြင်းအကြောင်းမှာ ဆိုလိုရင်းကိုပိုပြီးတော့ လေးနက်စေရန်ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ကတော့ ပြောင်းလဲစေမှုတစ်ရပ်ရပ်ကိုဆိုသည်လို့ ဖော်ပြထားပါတယ်။ အမျိုးသားလွှတ်တော် ပြင်ဆင်အတည်ပြုချက်ကတော့ ပြောင်းလဲစေမှု၊ သက်ရောက်မှုလို့ဖော်ပြထားပါတယ်။ ဒါ ကျွန်တော်

အခိပ္ပာယ်ပိုပြီးတော့ လေးနက်စေရန်၊ ကျစ်လစ်စေရန်အဆိုပြုရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်ပြသွားတဲ့အချက်ကသာမန်အားဖြင့် မူလအဓိပ္ပာယ်ကို ပြောင်းလဲသွားစေတဲ့ သဘောသက်ရောက်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ အခုပြင်ဆင် အဆိုပြုချက်ကို ကျွန်တော့်အနေနဲ့ အထူးမှတ်ချက်ပြုစရာမရှိပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ (င) ပါ ပြောင်းလဲစေမှု၊ သက်ရောက်စေမှုဟူသည့် စကားရပ်အစား ပြောင်းလဲစေရန်သက်ရောက်စေမှုဟူသည့် စကားရပ်အစားထိုးရန်ဖြစ်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြု။ အမှားပြင်ပါ။ ဒေါက်တာစိုင်းကျော်အုန်း၏ ပြင်ဆင်ချက်အတိုင်း အဆိုအတည်ဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂၊ အမှတ်စဉ် ၃၊ အပိုဒ် ၂ အပိုဒ်ခွဲ(စ)နဲ့ ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်ဖြစ်ပါသည်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ အပိုဒ်၂ အပိုဒ်ခွဲ(စ) ကို အသံညစ်ညမ်းမှုဆိုသည်မှာ စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ပင်ပန်းနွမ်းနယ်မှုဖြစ်စေသော၊ အကြားအာရုံဆုံးရှုံးမှုဖြစ်ပေါ်စေသော သို့မဟုတ် အခြား အသံခံစားမှုကို အနှောင့်အယှက်ဖြစ်စေသော အသံအတိုင်းအတာတစ်ရပ်ဖြစ်ပေါ်နေမှုကို ဆိုသည်ဆိုတဲ့ ဝန်ကြီးဌာနရဲ့အဆိုပြုချက်ကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက အတည်ပြုဖို့ရာအတွက် အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်မှာ သတ်မှတ်စံနှုန်းအောက်ဘောင်ကျော်လွန်သည်ဆိုတဲ့အသံကို ထည့်ခြင်းအားဖြင့်မူရင်းအသံညစ်ညမ်းမှုကို ခွဲခြမ်းစိတ်ဖြာမှုပြုလို့ရှိရင် မလိုလားအပ်သော ရှုပ်ထွေးမှုများ ပေါ်ပေါက်လာနိုင်သောကြောင့်

ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတိုင်း ထားရှိသင့်ပါကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ ဒီအတိုင်းထားရှိမယ်ဆိုရင်တော့ ဝိဝါဒကွဲပြားစရာမရှိပါဘူးခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအတိုင်းထားမယ်ဆိုတဲ့အဆိုကို ထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၂၊ အပိုဒ်ခွဲ (စ) အားဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း ထားရှိရန်ဖြစ်သည်။ ဒီအဆိုကိုလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃၊ အမှတ်စဉ် ၄၊ အပိုဒ် ၂အပိုဒ်ခွဲ(ဇ) ပြင်ဆင်ချက်မရှိ။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တင်ပြပါ ပြင်ဆင်ချက်အဆိုကို တင်သွင်းခြင်းမရှိတဲ့အတွက် အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရန်ဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။သဘောမတူတဲ့သူမရှိတဲ့အတွက်အမျိုးသား လွှတ်တော်၏ အတည်ပြုချက်အတိုင်း အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄၊ အမှတ်စဉ် ၆ ၊ အပိုဒ် ၂အပိုဒ်ခွဲ(ည) ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်း မဲဆန္ဒနယ်အားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြင်ဆင်မယ့် အမှတ်စဉ် ၆ ၊အပိုဒ် ၂ အပိုဒ်ခွဲ(ည) မှာ အပိုဒ် ၂ အပိုဒ်ခွဲ(င) မှာသုံးနှုန်းထားတဲ့ စကားရပ်နဲ့ ညီညွတ်မှုရှိစေရန် ကျွန်တော်ရဲ့ပြင်ဆင်ချက်ကို ပြန်ပြီးတော့ ရုပ်သိမ်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြစရာမရှိပါဘူး။ ခုနက ကျွန်တော်ကောင်းကောင်းမရှင်းလိုက်ဘူးဖြစ်တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ပြီးတော့ ဒေါက်တာစိုင်းကျော်အုန်းတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ပြင်ဆင်ချက်မှာ အကျိုးရှိစွာအသုံးပြုခြင်းဆိုသည်မှာ အများပြည်သူရဲ့ကျန်းမာရေးအတွက် အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကိုဖြစ်ပေါ်စေသည့်နေရာ စကားရပ်မှာ ဝန်ကြီးဌာနအဆိုပြုထားတာက ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ဖြစ်ပေါ်စေသည့် စွန့်ပစ်ပစ္စည်းလို့ဖော်ပြထားပါတယ်။ အပိုဒ် ၁အပိုဒ်ခွဲ(င) မှာလည်း ဒီအတိုင်းပဲ ဝန်ကြီးဌာနကနေပြီးတော့ အဆိုပြုထားပါတယ်။ ပြည်သူရဲ့ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကိုဖြစ်ပေါ်စေသည့် စွန့်ပစ်ပစ္စည်းများဆိုပြီးတော့ဖော်ပြထားပါတယ်။ တကယ်လို့ ဒီအပိုဒ်ပဲပြောင်းလဲလို့ရှိရင် ရှေ့နောက်ညီညွတ်မှုမရှိမှာစိုးတဲ့အတွက်ကြောင့် ကျွန်တော့်အဆိုကို ပြန်ပြီးတော့ ရုပ်သိမ်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ည) ပါ ကျန်းမာရေးအန္တရာယ်ကင်းရှင်းရေးအစား သူပြန်ရုပ်သိမ်းတာက။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ကျွန်တော် ပြန်လည်ရုပ်သိမ်းပါတယ်။ အမျိုးသားလွှတ်တော်ရဲ့အဆိုပြုချက်အတိုင်းထားတာပိုကောင်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ချက်ရုပ်သိမ်းတဲ့အတွက် အထူးပြောစရာမရှိပါဘူး။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော့်အသံလည်း နောက်ကသိပ်မကြားရသလိုဘဲ။ နောက်ကတင်ပြတဲ့အသံလည်း ကျွန်တော်ဝါးဝါးပဲ ကြားရတယ်။ စာမျက်နှာ ၅၊ အမှတ်စဉ် ၇၊ အပိုဒ် ၂ အပိုဒ်ခွဲ(င) ပြင်ဆင်ချက်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၈၊ အပိုဒ် ၂ အပိုဒ်ခွဲ(တ) ဒေါက်တာစိုင်းကျော်အုန်း တင်ပြပေးပါဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ အပိုဒ် ၂ အပိုဒ်ခွဲ(တ)မှာ ကျွန်တော်ပြန်ပြီးတော့ ပြင်ဆင်ချက်အဆိုပြုထားတာက ဝန်ကြီးဌာနရဲ့ မူလဆုံးဖြတ်ချက်အတိုင်း ထားသင့်ပါသည်လို့ အဆိုပြုထားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုမူမှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဘေးအန္တရာယ် သို့မဟုတ် ညစ်ညမ်းမှုကို ချက်ချင်းအရေးယူဆောင်ရွက်ခြင်းမပြုပါက အများပြည်သူအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုသော်လည်းကောင်း၊ ထိပါးစေနိုင်သည့်အခြေအနေကို ဆိုသည်ဟု ဖော်ပြထားပါတယ်။ ဂေဟစနစ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဂေဟစနစ်ဆိုသည်မှာသက်ရှိ သတ္တဝါများ၊ သက်မဲ့ရုပ်ထုများနဲ့ အပင်များ သဟဇာတဖြစ်လျက်တည်ရှိနေသည့် သဘာဝစနစ်နဲ့ ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကိုဆိုသည်ဟု ဖွင့်ဆိုထားတဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ဆိုတဲ့ဟာကို ဖြည့်စွက်ထည့်သွင်းရန်မလိုတဲ့အတွက်ကြောင့် နဂိုဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်း ထားသင့်တယ်လို့ ကျွန်တော့်အဆိုကိုပြန်ပြီးတော့ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာန၏ သဘောထားပြောပါ။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ဝန်ကြီးဌာနရဲ့မူလတင်ပြချက်အတိုင်းထားလိုသည့် တင်ပြချက်အား သဘောတူပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅၊ စာပိုဒ် ၈ ဝန်ကြီးဌာန၏မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆၊ အမှတ်စဉ် ၉၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ) မူလပြဋ္ဌာန်းချက်မရှိ။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က ပြင်ဆင်အဆိုပြုချက်တင်ပြထားပါတယ်။ ဦးသိန်းလွင်အား ရှင်းလင်းဖော်ပြရန် ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ ပထမဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ အတွင်းရေးမှူးတာဝန်ကို ယူထားရသူလည်း ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော့်တင်ပြချက်တွေဟာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရက အမျိုးသားလွှတ်တော်ကိုပေးပို့ခဲ့ပြီး အမျိုးသားလွှတ်တော်မှာ ဆွေးနွေးခဲ့ပြီးတဲ့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်မှာတင်ပြခဲ့တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမူကြမ်းနဲ့ပတ်သက်ပြီး တင်ပြမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပထမဦးစွာတင်ပြလိုတာကတော့ ကျွန်တော့်အနေနဲ့ တင်ပြတာမဟုတ်ဘဲ ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှာ အမျိုးသားလွှတ်တော်က ပေးပို့လာတဲ့ ဥပဒေမူကြမ်းကို နှစ်ကြိမ်တိုင်တိုင် ၃၁-၁၀-၂၀၁၁ ရက်နေ့နဲ့ ၁-၁၁-၂၀၁၁ရက်နေ့တို့မှာ ဥက္ကဋ္ဌကြီး ကိုယ်တိုင်ဦးစီးပြီးတော့ ကျွန်တော်တို့ အသေးစိတ်၊ အပိုင်းလိုက်ဆွေးနွေးခဲ့ပြီးတော့ အချက် ၆ ချက်ကို တင်ပြထားခဲ့ခြင်း ဖြစ်ပါတယ်။ စာလုံးတစ်လုံးချင်းရဲ့အဓိပ္ပာယ်၊ စာပိုဒ်တစ်ပိုဒ်ချင်းရဲ့ အဓိပ္ပာယ်ကိုကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီးတော့ ကော်မတီကိုယ်စား ကျွန်တော်က ကော်မတီအတွင်းရေးမှူးအနေနဲ့ တင်ပြခြင်းသာ ဖြစ်ကြောင်း ပထမဦးစွာတင်ပြလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အခုဆွေးနွေးမယ့် အမှတ်စဉ် ၉၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)အနေနဲ့ ထပ်မံဖြည့်စွက်လိုရခြင်းက ဥပဒေမူကြမ်းရဲ့အခန်း ၂၊ ရည်ရွယ်ချက်များ ခေါင်းစဉ်အောက်မှာ ဖြစ်ပါတယ်။ ဒီခေါင်းစဉ်အောက်မှာ ကျွန်တော်တို့ ဖြည့်စွက်လိုတဲ့စာသားကတော့ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) လုပ်ငန်းစီမံကိန်းများဆောင်ရွက်ရန် အဆိုပြုချက်များတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အတတ်နိုင်ဆုံး ကာကွယ်မည့်အစီအမံများပြည့်စုံစွာပါဝင်မှုရှိ၊ မရှိ ကြိုတင်စိစစ်ရန်ဆိုပြီး ကျွန်တော်တို့ စာလုံးတစ်လုံးချင်းအလိုက် အဓိပ္ပာယ်ကောက်ယူဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ နိုင်ငံမှာအခုအခါ နိုင်ငံရေး၊ စီးပွားရေးအခြေအနေတွေ တိုးတက်ဖွံ့ဖြိုးလာတာနှင့်အမျှ လုပ်ငန်း စီမံကိန်းအသစ်တွေ ယခင်ကထက်ပိုမိုတိုးချဲ့လာတော့မှာဖြစ်ပါတယ်။ အဲ့ဒီလုပ်ငန်းစီမံကိန်းများဟာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေမယ့် အကာအကွယ်၊ အစီအမံများ

ပြည့်စုံစွာ ပါဝင်နိုင်ခြင်း ရှိ၊ မရှိကို ကြိုတင်စိစစ်နိုင်ရန်အတွက် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီး ဦးသိန်းလွင် ထည့်သွင်းလိုသည့်အချက်က အင်မတန်မှ ကောင်းပါတယ်။ သို့သော်လည်းပဲ အခုအချိန်ဟာဆိုရင် ဥပဒေကြမ်းကို ကျွန်တော်တို့က ဆွေးနွေးရတဲ့ အချိန်အခါဖြစ်တော့ ဒီလိုပြည့်ပြည့်စုံစုံရေးရမယ့် ကိစ္စများကို နည်းဥပဒေထပ်မံပြီးတော့ ရေးဆွဲ တင်ပြတဲ့ အခါမှာ ထည့်သွင်းတင်ပြရင်လည်း အလားတူဥပဒေကဲ့သို့ပဲ အကျုံးဝင်တဲ့အတွက် ကြောင့်မို့လို့ ဒါလေးကို နည်းဥပဒေမှာ ထည့်သွင်းရင်ပိုပြီးတော့ သင့်လျော်လိမ့်မယ်လို့ ကျွန်တော့် ဘက်က ပြန်လည်တင်ပြခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းလွင်တင်ပြချက်က လိုအပ်ချက်အရ တင်ပြချက်ဖြစ်သလို ပြည်ထောင်စုဝန်ကြီး ပြန်လည်ရှင်းလင်းတာလည်း ဖြစ်သင့်တဲ့ကိစ္စဖြစ်တဲ့အတွက် ဒီအသေးစိတ် ဆောင်ရွက်ရမယ့်ကိစ္စကို နည်းဥပဒေမှာ ထည့်သွင်းဆောင်ရွက်ဖို့ဖြစ်သင့်တယ်လို့ပဲဖော်ပြရမှာဖြစ်ပါ တယ်။ ဒါကြောင့်မို့ ဒီအဆိုနဲ့ပတ်သက်လို့ နည်းဥပဒေမှာထည့်သွင်းပေးဖို့ လွှတ်တော်က တိုက်တွန်း ပါတယ်ဆိုတဲ့ အနေအထားနဲ့ပဲ ကျွန်တော်တို့ ဒီဟာကို ဆုံးဖြတ်ချက်ချချင်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ လွှတ်တော်ကသဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်သူရှိပါသလား။ မရှိတဲ့အတွက် ဦးသိန်းလွင်တင်သွင်းတဲ့ ပြင်ဆင်ချက် အဆိုကို သက်ဆိုင်ရာဝန်ကြီးဌာနကရေးဆွဲမယ့် နည်းဥပဒေမှာထည့်သွင်းဖော်ပြရန် တိုက်တွန်းမှုအား အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၀၊ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ပြီးတဲ့နောက်ပိုင်းမှာ မိမိတို့ဘက်က ပြင်ဆင်ချက်တစ်စုံတစ်ရာမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီအမှတ်စဉ် ၁၀ သည် အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၁၊ အပိုဒ် ၃ အပိုဒ်ခွဲ(င) ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က ရှင်းလင်း တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျွန်တော်တို့ အပိုဒ် ၃ အပိုဒ်ခွဲ(င)အတွက်ကို ကျွန်တော်တို့ကော်မတီကနေပြီးတော့ ဖြည့်စွက်တာဟာ ကျွန်တော်တို့

ဒုတိယအစား Sentence ရဲ့ နောက်ဆုံးအပိုင်းလောက်မှာ အကျိုးရှိစွာဆိုတဲ့ စာလုံးလေးတစ်လုံး ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါတယ်။ အပြည့်အစုံကျွန်တော်တင်ပြရရင် သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်လို့ ကျွန်တော်တို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ပိုမိုလေးနက် ထိရောက်စေရန်အတွက် ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။လက်သင့်ခံနိုင်ပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် ဦးသိန်းလွင်အဆိုပြုတဲ့ သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကိုတားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာအသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန် အဆိုအား လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။သဘောမတူသူရှိပါသလားခင်ဗျား။ ဒါကြောင့် ဦးသိန်းလွင် တင်သွင်းတဲ့ အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမှတ်စဉ် ၁၂ ဥပဒေကြမ်းကော်မတီက ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၂၊ ပုဒ်မ ၄ အပိုဒ်ခွဲ(က)မှာ ဝန်ကြီးဌာနရဲ့အဆိုပြုချက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို အဖွဲ့ဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းထားသည်ကို အမျိုးသားလွှတ်တော်ကလည်း အတည်ပြုခဲ့ပါတယ်။ သို့သော်လည်း အဆိုပါကော်မတီနှင့် ဆက်စပ်မှုရှိတယ်လို့ယူဆရတဲ့ သတ္တုတွင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ၂ ခုပါဝင်နေတာမတွေ့ရှိရတဲ့အတွက် ဒီဝန်ကြီးဌာန ၂ ခု ပါဝင်လျှင် ပိုမိုကောင်းမွန်မည်ဟုယူဆပါသဖြင့် အမှတ်စဉ် ၁၇ ၏နေရာတွင် သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမှတ်စဉ် ၁၈ နေရာတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း ဖြည့်စွက်၍ ထည့်သွင်းနိုင်ရန်အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ နောက်ဆုံးနိုင်ငံတော်မှ ဖွဲ့စည်းပေးလိုက်တဲ့ ကော်မတီထဲမှာမပါပေမယ့် လုပ်ငန်းသဘောအရ ဆက်စပ်တဲ့ဝန်ကြီးဌာနများ ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း နောက်ဆုံးဖွဲ့စည်းပေးလိုက်တဲ့ အချိန်မတိုင်ခင်က သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးဆိုရင် အလားတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှာ ဒုတိယဥက္ကဋ္ဌအနေဖြင့်တောင်မှ တာဝန်ယူခဲ့ရတဲ့ အနေအထားမျိုးဖြစ်တော့ အခုတင်ပြတဲ့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း ထည့်သွင်းဖွဲ့စည်းနိုင်ရန်တင်ပြခြင်းကို ကျွန်တော်တို့အနေနဲ့ ဘာမှ ငြင်းဆိုစရာမရှိပါဘူး။ ကျွန်တော်တို့လက်သင့်ခံပါတယ်ဆိုတဲ့ အကြောင်းတင်ပြလိုပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၄(က)မှာပဲ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက် ၁၇၊ ၁၈ ပြီးတဲ့နောက်မှာ ၁၉၊ ၂၀၊ ၂၁ များကို ပြင်ဆင်ဖြည့်စွက်ဖို့အတွက် ဦးစွာ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်က ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်( အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေခင်ဗျား။ ကျွန်တော်၏ အဆိုပြုချက်မှာ ယခု ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဖွဲ့စည်းခြင်းအောက်မှာပါတဲ့ နံပါတ် ၁၉၊ ၂၀ ကိုထပ်မံဖြည့်စွက်ခြင်းဖြစ်ပါတယ်။ မိုးလေဝသနဲ့ဇလဗေဒပညာရှင်နှစ်ဦးဆိုပြီးတော့ အဖွဲ့ဝင်အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်နှစ်ဦးဆိုပြီးတော့ အဖွဲ့ဝင်အဖြစ်ထပ်မံဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဒီ မိုးလေဝသနှင့်ဇလဗေဒပညာရှင်ဆိုသည်မှာလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနဲ့ဆက်စပ်တဲ့အဖွဲ့အစည်း ဘာသာရပ်ချင်းဆက်စပ်နေတဲ့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီးတော့မှ ဒီပညာရှင်တွေအနေနဲ့လိုအပ်တယ်လို့လည်းယူဆတဲ့အတွက် ထည့်ခြင်းဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်ဆိုသည်မှာလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းရာမှာ လိုအပ်တဲ့ပညာရှင်တွေအဖြစ်သုံးသပ်မိ၍ထည့်ထားခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ အခုဥပဒေကြမ်းပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသည် လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ကို ကိုယ်စားပြုပြီးတော့ ဖွဲ့စည်းထားတဲ့ ကော်မတီတစ်ခု ဖြစ်ပါတယ်။

သို့သော်လည်းပဲ ဒီထဲမှာတော့ မိုးလေဝသနဲ့ဇလဗေဒပညာရှင်နှစ်ဦးဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာနကို ထည့်သွင်းထားတဲ့အတွက်ကြောင့်မို့ သာမာန်အားဖြင့်တော့ ပြည့်စုံလုံလောက်မှုရှိပါတယ်။ နောက်တစ်ခုက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်နှစ်ဦး ဆိုတာလည်း သာမာန်အားဖြင့် ဒီပညာရှင်များ ရှိထားတဲ့ ဝန်ကြီးဌာနဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ဒါလေးတွေကို ထည့်သွင်းဖွဲ့စည်းခဲ့ခြင်း မရှိပါဘူး။ သို့သော်လည်းပဲ လွှတ်တော်အနေနဲ့ ထည့်သွင်းဖို့ လိုအပ်တယ်ဆိုရင်လည်း ကျွန်တော်တို့ ဘက်ကတော့ ဝမ်းပန်းတသာလက်ခံမှာပါ။ ဒါလေးကတော့ ကျွန်တော် ပြန်လည်တင်ပြခြင်းဖြစ်ပါတယ်။ ရပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဘာလဲဆိုတော့ မူလစဥ်းစားတုန်းက အစိုးရအဖွဲ့ ကိုယ်စားပြုပြီးတော့ ဝန်ကြီးဌာနကို ကိုယ်စားပြုထားတဲ့ အဖွဲ့ဝင်တွေ မျှသာဖြစ်ပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီး ဦးခိုင်မောင်ရည် တင်ပြချက်ကတော့ ကျွန်တော်တို့ အစိုးရဝန်ထမ်း မဟုတ်ပေမယ့်လည်း ဒီပညာတတ်ကျွမ်းထားတဲ့သူကို ဒီကော်မတီထဲမှာ ပါဝင်ခြင်း အားဖြင့် ပိုမိုပြီးတော့ ပြည့်စုံလုံလောက်မယ်လို့ယူဆတဲ့အတွက်ကြောင့်မို့လို့ ဒါကျွန်တော့်အနေနဲ့တော့ ဘာမှကန့်ကွက်စရာ မရှိပါဘူး။ လက်ခံနိုင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုဆွေးနွေးခွင့်ပြုပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာဆွေးနွေးချင်တာကတော့ ကျွန်တော်တို့ အခုဆွေးနွေးတာသည် ဥပဒေ ဖြစ်ပါတယ်။ ဥပဒေသည် ကျယ်ကျယ်ပြန့်ပြန့်စဥ်းစားပြီးတော့မှ ဖြစ်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ခုနက ပြည်ထောင်စုဝန်ကြီးကော၊ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများ တင်ပြတဲ့ ကိစ္စသည် ကျွန်တော်တို့ အသေးစိတ်အဖွဲ့ဝင်တွေ၊ ကော်မတီတွေသည် နည်းဥပဒေနဲ့ ပြဋ္ဌာန်းရင်လည်းပဲဖြစ်နိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ အလားတူပဲ နောင်ကာလများမှာလည်း အာကာသနဲ့ ဆိုင်တယ်၊ ရေကြောင်းနဲ့ ဆိုင်တယ်စသည့်ဖြင့် ဆိုင်တဲ့ကိစ္စတွေလည်းပဲ လိုအပ်တဲ့ပညာရှင်တွေ၊ လိုအပ်တဲ့ အဖွဲ့အစည်းတွေလည်း ထပ်မံဖြည့်စွက်ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရလည်းပဲ ဥပဒေမှာကတော့ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ကသော်လည်းကောင်း၊ သမ္မတကသော်လည်းကောင်း လိုအပ်တဲ့ စီမံခန့်ခွဲရေး ကော်မတီကို ဖွဲ့စည်းပေးနိုင်တယ်လို့ ဥပဒေမှာကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပြီးတော့မှ နည်းဥပဒေ မှာ ခုနက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးတဲ့ပုဂ္ဂိုလ်တွေရော၊ ပြည်ထောင်စုဝန်ကြီး ဆွေးနွေးတဲ့ ပုဂ္ဂိုလ်တွေရော ကျွန်တော်တို့ထည့်သွင်းဖွဲ့စည်းမယ်ဆိုရင် ပိုမိုပြီးတော့မှ အဆင်ပြေနိုင်မယ်လို့ ထင်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ မြေလွတ်၊ မြေရိုင်းဥပဒေမှာလည်းပဲ သမ္မတကနေမှ

စီမံခန့်ခွဲရေးဗဟိုကော်မတီကိုဖွဲ့စည်းရမယ်လို့ ချုံ့ပြီးတော့မှ ရေးထားတာဖြစ်ပါတယ်။ ဒီအတိုင်းပဲ ဖြစ်သင့်တယ်လို့ ကျွန်တော် တင်ပြအပ်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေအဆိုနဲ့ပတ်သက်ပြီးတော့ တစ်ခါ ဆက်ပြီးတော့ ဒီမှာကျန်ပါတယ်။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က အမှတ်စဉ် ၂၁ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ တာဝန်ရှိသူများဆိုပြီးတော့ ဖော်ပြထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဦးသိန်းလွင် ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဖြည့်စွက်ရခြင်းကတော့ စက်ရုံ၊ အလုပ်ရုံ ဆောက်တာပဲ ဖြစ်ဖြစ်၊ မီးရထားလမ်းဖောက်တာပဲဖြစ်ဖြစ် ကျွန်တော်တို့ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်တဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်များတည်ရှိရာ ဒေသများမှာလည်း ကျွန်တော်တို့ ပါဝင်ပတ်သက်နိုင်ပါတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနက ရေနံတွင်းတူးတဲ့ နေရာမှာ ပုဂံဒေသအနီးတစ်ဝိုက်မှာတူးတဲ့အခါမှာ ဒါဟာ ကျွန်တော်တို့ချမှတ်ထားတဲ့ ယဉ်ကျေးမှု ဝန်ကြီးဌာနရဲ့ ရှေးဟောင်းနယ်မြေအတွင်းမှာပါတဲ့အတွက် ကျွန်တော်တို့ဒါကို သတိကြီးစွာထားပြီး တော့ဆောင်ရွက်ရတဲ့ လက်တွေ့သာဓကရှိခဲ့ဖူးပါတယ်။ ဒါကြောင့်မို့လို့ ဒီကော်မတီမှာလည်း ယဉ်ကျေးမှုဝန်ကြီးဌာနက အဖွဲ့ဝင်များထည့်မယ်ဆိုလို့ရှိရင်တော့ ပိုပြီးတော့ပြည့်စုံမယ်လို့ ကျွန်တော်တို့ ကော်မတီကယူဆပြီး ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးငွေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ တင်ပြသွားတဲ့ဟာကို ကျွန်တော်ထပ်ဆင့်ထောက်ခံဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေပြုတဲ့နေရာမှာ ဥပဒေနဲ့ဆောင်ရွက်တဲ့နေရာမှာ ဥပဒေကိုအသားပေးဖော်ပြရမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ကျွန်တော်တို့ဆောင်ရွက်နေတာသည် ဥပဒေဖြစ်တယ်။ အဖွဲ့ဝင်များသည် နည်းဥပဒေမှာ ထည့်လို့ရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါကျတော့ အနီးကပ်ဆုံး ကျွန်တော်တို့ ဇန်နဝါရီလ ၂၀၁၁ ခုနှစ်က ထုတ်ခဲ့တဲ့ မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေမှာ ဖွဲ့စည်းခြင်းဆိုတဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနကို တာဝန်ပေးကြောင်းပြောကြား ပြီးတော့ ယခု အစိုးရလက်ထက် ဖွဲ့စည်းခြင်းဆိုတဲ့နေရာမှာ နိုင်ငံတော်သမ္မတ ဦးဆောင်ပြီးတော့ အဖွဲ့တွေနဲ့ အမိန့်ကြော်ငြာစာ ထုတ်ထားတာကိုတွေ့ရပါတယ်။ ထို့နည်းတူပဲ အခြားဥပဒေများကို လည်းပဲ လေ့လာသုံးသပ်ကြည့်တဲ့အခါကျတော့ အဲ့ဒီဥပဒေရေးဆွဲတဲ့နေရာမှာ အသေးစိတ် ဝန်ကြီး ဌာနတွေကို ထည့်ထားတာမတွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဒါဥပဒေပညာရှင်များနှင့်သာ ပေါင်းစပ်

ညှိနှိုင်းပြီး ဆောင်ရွက်သင့်ကြောင်း ထပ်ဆင့်ထောက်ခံတင်ပြအပ်ကြောင်း တင်ပြပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးသိန်းဆွေ ပြောတဲ့၊ တင်ပြတဲ့အဆိုကို ထောက်ခံပြီးတင်ပြလိုပါတယ်။ ကျွန်တော်တို့ ကော်မတီတွေအားလုံး ဖွဲ့စည်းတယ်ဆိုတဲ့နေရာမှာ တကယ်တော့ သမ္မတကနေပြီးတော့မှထုတ်ပြန်ပြီး ဖွဲ့စည်းခွင့်ရှိပါတယ်။ နည်းဥပဒေမှာတောင်မှ တကယ်တော့မပါပါဘူး။ သမ္မတကနေပြီးတော့မှ ထုတ်ပြန်ပြီးဖွဲ့စည်းတာ ဖြစ်ပါတယ်။ အရင်တုန်းက ဒီလို အလားတူကော်မတီမျိုးကို အရင်တပ်မတော်အစိုးရလက်ထက်မှာ ရှိတုန်းက နယက ကနေ ဖွဲ့စည်းတာဖြစ်ပါတယ်။ နယက ကနေအမိန့်ထုတ်ပြီး ဖွဲ့စည်းပါတယ်။ အခု အချိန်မှာတော့ သမ္မတကနေ ဖွဲ့စည်းပြီးတော့မှ လွှတ်တော်ကိုတင်ပြပြီး ဖွဲ့စည်းရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ဖွဲ့စည်းတဲ့အချိန်မှာ ဒီအမိန့်နဲ့ပဲ ကြော်ငြာစာနဲ့ပဲ ဖွဲ့စည်းရတာဖြစ်တဲ့အတွက် ဥပဒေ၊ နည်းဥပဒေထဲမှာ နာမည်အတိအကျထည့်သွင်းပြီး ဖော်ပြစရာမလိုဘူးလို့ ကျွန်တော့်အနေနဲ့ ဦးသိန်းဆွေရဲ့အဆိုကို ထောက်ခံရင်းနဲ့ တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းနည်းလေးတင်ပြခွင့်ပြုပါ။ စောစောတုန်းက ဦးသိန်းဆွေတင်တာကို ထောက်ခံပါတယ်။ ကျွန်တော်တို့က တကယ်တမ်းဆိုလို့ရှိရင် ကျွန်တော်တို့ တာဝန်မကျေတဲ့အတွက်ကြောင့်တောင်းပန်ပါတယ်။ ဘာလို့ တာဝန်မကျေဘူးလဲဆိုတော့ အခုပြောတဲ့ကိစ္စတွေ ငြိမ်နေခဲ့ကြလျှင် လွှတ်တော်ရဲ့ စည်းကမ်းဥပဒေဆိုလို့ရှိရင် ကျွန်တော်တို့က ဥက္ကဋ္ဌကြီးတို့က ဘယ်နေ့၊ ဘယ်အချိန်မှာ ဆွေးနွေးတဲ့သူတွေကို တရားဝင်ပေးပါလို့ ပြောပြီးရဲ့သားနဲ့ ကျွန်တော်တို့က အဲ့ဒီလို မပြောနိုင်တဲ့အတွက်ကြောင့် အခုမှဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ တာဝန်မကျေပါဘူး။ အဲ့ဒီတော့ အခုပြောမယ့်ကိစ္စလည်း တာဝန်မကျေပါဘူး။ မကျေ ပေမယ့်လည်း ရှေ့လျှောက်မှာ ဒါလေးဟာ တိုင်းပြည်အတွက် အကျိုးရှိသွားမယ်ဖြစ်တဲ့အတွက်ကြောင့် ဒါလေးကို တင်ပြခွင့်ပြုပါ။ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတင် မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံမှာ ထုတ်တဲ့ဥပဒေတွေကို ကျွန်တော်တို့ လုပ်တဲ့အခါမှာ တိုင်းပြည်အတွက်၊ ပြည်သူ့အကျိုး အတွက် အင်မတန်အလေးထားပြီး ကြည့်ရမယ့်ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးက ပြောပါတယ်။ ဥပဒေပြုတဲ့အခါမှာ လွှတ်တော်ရဲ့တာဝန်သုံးခုရှိပါတယ်။ အဓိကနောက်ဆုံးတစ်ခုကတော့ တိုင်းပြည် လူထုရဲ့အကျိုးစီးပွား အဲ့ဒီတော့ အာဆီယံမှာအစည်းအဝေးပေါင်း၊ အကြိမ်ပေါင်းများစွာသွား တက်ပြီးတော့ အာဆီယံမကပါဘူး Plus Six ခေါ်၊ အားလုံး ၁၆ နိုင်ငံတွေရဲ့ အဲ့ဒီလိုပါပြီးတော့ ဆွေးနွေးတဲ့အခါမှာ နိုင်ငံတွေအားလုံးက သဘောတူပြီးတော့လိုက်နာရမယ့် စည်းကမ်းစနစ်နဲ့ ဆွဲကြပါ

တယ်။ ဆွဲပြီးလို့ရှိရင် နိုင်ငံတိုင်းနိုင်ငံတိုင်းဟာ နောက်ဆုံးကျရင်ဘာပြောသလဲဆိုတော့ အဲ့ဒါတွေကို သူတို့အပြည့်အစုံမလိုက်နာနိုင်ဘဲနဲ့ ဘယ်ဟာတွေကို ဘယ်လောက်ပြင်ခွင့်ပြုပါ။ ဘယ်လောက်ကြာမှ အကောင်အထည်ဖော်ပါရစေဆိုပြီးတော့ အကောင်အထည်မဖော်ဘဲနဲ့ ဆွဲ၊ ဆွဲပြီးနောက်မှအကောင် အထည်ဖော်ဖို့ဟာ ဒါနိုင်ငံတွေကကြိုးစားကြပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် သေသေချာချာ ကျွမ်းကျင်တဲ့နိုင်ငံတွေနဲ့ မကျွမ်းကျင်တဲ့နိုင်ငံတွေရှိပါတယ်။ မကျွမ်းကျင်တဲ့နိုင်ငံတွေက ဒီဟာတွေ၊ ကိစ္စတွေမသိတဲ့အတွက်ကြောင့် ခေါင်းညိတ်တဲ့အခါကျရင်လက်တွေ့မှာ ပြောတဲ့အတိုင်းလုပ်ပြီးတော့ အဲ့ဒီလုပ်ရတဲ့ကိစ္စ၊ အဲ့ဒီတိုင်းပြည်မှာ သွားပြီးတော့နာပါတယ်။ ဒါကြောင့်မို့လို့ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးကိစ္စမှာလည်း ကိုယ်စားလှယ်ဦးဒွေးမြင့် တင်ပြသွားသလို အဲ့ဒီအထဲမှာဥပဒေဆိုတာရှိရမယ်။ ဒါပေမယ့် ကမ္ဘာကပြောလို့လိုက်ပြီးလုပ်တိုင်းလုပ်ပေမယ့် အဲ့ဒီပြောတဲ့နိုင်ငံတွေကိုက အချို့ကိစ္စမှာ သူတို့မလုပ်ဘဲနဲ့ချန်နေခဲ့တာရှိပါတယ်။ အနောက်နိုင်ငံတွေ၊ အထူးသဖြင့်၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေ တချို့ဆိုရင် ကုလသမဂ္ဂက အားလုံးဆုံးဖြတ်ချက်ချ၊ အဲ့ဒါကိုမလိုက်နာဘူးဆိုပြီး ပြောင်ငြင်းတဲ့နိုင်ငံတွေ ရှိပါတယ်။ အဲ့ဒီတော့ ကမ္ဘာ့ရဲ့ ဒီရေစီးကြောင်းမှာလိုက်ရပါမယ်။ ဒီဥပဒေဟာတိုင်းပြည်မှာ ရှိဖို့လိုတဲ့ အတွက်ကြောင့်ရှိရပါမယ်။ ဒါပေမယ့် ဒီဟာကိုလိုက်နာတဲ့ကိစ္စကျတော့ ကျွန်တော်တို့နိုင်ငံဟာ ရှေ့တိုးနောက်ဆုတ်လို့ရတဲ့ Clause မျိုးတစ်ခု၊ ဒါမျိုးကို ဒီထဲမှာရှိဖို့လိုပါတယ်။ ဒါမှ ဥပဒေရှိ လားဆိုရင် ရှိတယ်လို့ပြောလို့ရတယ်။ လိုက်နာဖို့ဆိုရင်ကိုယ့်နိုင်ငံရဲ့အနေအထား ဒီဥပဒေနဲ့အညီ ဒီအချိန်မှာလိုက်နာမယ်။ ဒီလိုလုပ်လို့ရှိရင် ကျွန်တော်တို့ရဲ့ နိုင်ငံရဲ့အကျိုးစီးပွားကို ကာကွယ်ရာ ရောက်ပါတယ်လို့ ဒါကြောင့်အဲ့ဒီ Clause မျိုးဟာ ဒီမှာမပါပါဘူး။ ဒါမျိုးဟာပါသင့်ပါတယ်လို့ တောင်းပန်ချင်တာက ကြိုပြီးတော့ဒါကိုတင်ပြမထားဘဲနဲ့ ခုမှတင်ပြတာကို ကျွန်တော်တောင်းပန် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကောင်းပါတယ်။ ကောင်းပါတယ်ဆိုတာ ဒီလိုပဲဖြစ်ရပါမယ်။ ကိုယ့်အားနည်း ချက်ကိုလည်းဝန်ခံသလို၊ နိုင်ငံအကျိုးရှိမယ့်ကိစ္စအတွက်လည်း ဒီလိုတင်ပြတာကောင်းပါတယ်။ ကမ္ဘာမှာ Protocol Convention စသည်ဖြင့် ဒီလိုရှိပါတယ်။ အချို့အဲ့ဒီဟာကိုမူအရ သဘောတူ သော်လည်း Editional Protocol ကိုမထိုးသေးဘဲနဲ့ စောင့်ဆိုင်းနေတာတွေလည်းရှိပါတယ်။ ဒါနဲ့ ပတ်သက်လို့ ယခင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဖြစ်ခဲ့တဲ့ ဦးသောင်းတို့အကြိမ်ကြိမ် ကျွန်တော့်ကိုတင်ပြ ဖူးတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျောက်ဆည်မဲဆန္ဒနယ်က ဦးသောင်း၊ ခုနဦးဒွေးမြင့်တင်ပြတာရယ်၊ ထပ်ဆင့်ပြီးတော့ ဦးစိုးသာတင်ပြတာကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိရှင်းလင်းနိုင်အောင် အနည်းငယ်ထပ်ပြီးတော့ရှင်းလင်းတင်ပြပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသောင်း(ကျောက်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ၊ လေးစားစွာ ကျွန်တော်တင်ပြအပ်ပါတယ်။ လွှတ်တော်မှာ ဥပဒေလုပ်တဲ့အခါမှာ ကိုယ့်နိုင်ငံနှင့် နိုင်ငံတကာ ဆောင်ရွက်မှုတွေကို ကျွန်တော်တို့ ကြည့်ဖို့လိုပါတယ်။ စောစောကဥက္ကဋ္ဌကြီးပြောသလိုပဲ ကျွန်တော်တို့ Protocol မှာ လက်မှတ်မထိုးတဲ့နိုင်ငံကြီးတွေ အများကြီးရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့အနေနဲ့ ကိုယ့်နိုင်ငံအတွက် အကျိုးစီးပွားကိုပဲကြည့်ပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့က လည်း ဒါဟာဥပဒေကြမ်းလုပ်ထားပြီးပါပြီ။ နောက်ထပ်လိုတဲ့ ဖြည့်စွက်တဲ့ဥစ္စာတွေကတော့ နည်းဥပဒေ မှာ လိုအပ်တဲ့အချိန်မှာ လိုအပ်သလို နိုင်ငံ့အကျိုးကြည့်ပြီးတော့ လုပ်သင့်ပါတယ်လို့ ကျွန်တော်တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့်မို့လို့ လက်ရှိဥပဒေကြမ်းတော့ တင်လာပြီ။ ခုနကနောက်ဆုံး ဦးသောင်းတင်ပြတယ်။ အဲ့ဒီရှေ့က ဦးစိုးသာတင်ပြတယ်။ အဲ့ဒီရှေ့မှာလည်း အမ်းနဲ့နောက်တစ်ခါ ဟသ်ာတမဲဆန္ဒနယ်က ကိုယ်စားလှယ်တွေတင်ပြတယ်။ ပြီးတဲ့အခါမှာ ဦးစွာတော့ ဦးဌေးမြင့်တင်ပြတယ်။ ဒါကြောင့်မို့လို့ ဒီတင်ပြချက်အပေါ်မူတည်ပြီးတော့ ဒီဥပဒေ၊ ဥပဒေကြမ်းကို လွှမ်းခြုံနိုင်တဲ့ ခုနက နောက်ဆုံးတင်ပြခဲ့တဲ့ကိစ္စမျိုးကို ပြန်စဉ်းစားသင့်တယ်ဆိုလို့ရှိရင်တော့ ဒီနေ့ လွှတ်တော်အစည်းအဝေးရပ်နားပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ ဒီအပေါ် အလေးထားစဉ်းစားပြီးတော့ ဒီထဲမှာမပါသေးဘူးဆိုတဲ့ အပိုဒ်ကိုထပ်ထည့်ပြီးတဲ့အခါမှာ မိမိနိုင်ငံအကျိုးစီးပွားအတွက်၊ နိုင်ငံသားများရဲ့အကျိုးစီးပွားအတွက် ဖြစ်စေသောအခန်း သို့မဟုတ် အပိုဒ်များ ထည့်သွင်းဖို့လိုမယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒီတင်ပဲ ဖြတ်လိုက်ပါမယ်။ ဒါကြောင့်မို့လို့ ဒီနေ့အစည်းအဝေး ဒီမှာရပ်နားချင်ပါတယ်။ ရပ်နားပြီးတဲ့အခါမှာ ခုနကဦးစိုးသာ အကျယ်တဝင့်တင်ပြသွားတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ လွှတ်တော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းတဲ့အခါမှာ လိုမယ့် ဥပဒေကြမ်းအပိုဒ်များကို ပြည်သူ့လွှတ်တော်ဘက်က ထည့်သွင်းတင်ပြဖို့အတွက် ကျွန်တော့်အနေနဲ့ဆန္ဒရှိပါတယ်။ ဒါဆိုလို့ရှိရင် အားလုံးအတွက် အဆင်ပြေသွားနိုင်တဲ့ သဘောရှိပါတယ်။ တင်ပြလာတဲ့ ဥပဒေကြမ်းနဲ့ပတ်သက်လို့ လွှတ်တော်တစ်ခုက ဆွေးနွေးပြီးတော့ ကျန်တဲ့လွှတ်တော်ကို ပေးပို့တဲ့အခါမှာ ဒီဘက်လွှတ်တော် ရောက်တဲ့အခါမှာလည်း ဒီဥပဒေကြမ်းပါ အချက်အလက်များကို ဆွေးနွေးရမှာဖြစ်သလို ဥပဒေကြမ်းမှာမပါဘဲနဲ့ ပါဝင်သင့်တဲ့ ဥပဒေအပိုဒ်၊ အခန်းများကိုလည်း ထည့်သွင်းရေးဆွဲတင်ပြနိုင်ဖို့ အခွင့်အလမ်းရှိပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီ အခွင့်အလမ်းကို အမိအရအသုံးပြုပြီးတော့ နိုင်ငံတော်အကျိုးစီးပွားကို ကာကွယ်နိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်က

ဒီဥပဒေကြမ်းကို ပြန်လည်လေ့လာသုံးသပ်ပြီး ထပ်မံဆွေးနွေးတဲ့အခါမှာ လိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ပေးဖို့ လွှတ်တော်ကို ကျွန်တော်တိုက်တွန်းပါတယ်။ တစ်ဖက် ပြည်ထောင်စုလွှတ်တော်က အစည်းအဝေးလုပ်ဖို့ညှိနှိုင်းပါတယ်။ ၁၈-၁၁-၂၀၁၁ (သောကြာနေ့) ဖြစ်ပါတယ်။ ကြိုတင်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ကြိုတင်သိရှိပြီးတဲ့အခါမှာ လိုအပ်ချက်များပြင်ဆင်ထားဖို့ဖြစ်ပါတယ်။ ဖိတ်စာတော့မရောက်သေးပါဘူး။ သို့ရာတွင် ၁၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကျင်းပမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်ပေါ်မူတည်ပြီးတော့ ဒီပြင်ဆင်ချက်အဆိုလို့ပဲ ကျွန်တော်တို့သတ်မှတ်ပါတယ်။ အဲ့ဒီ ပြင်ဆင်ချက်အဆိုကို ၂၀ ရက်နေ့၊ ၂၀ ရက်နေ့ဆိုတော့ တနင်္ဂနွေနေ့ကျပါတယ်။ ၂၀ ရက်နေ့ ၁၂း၀၀ နာရီ အချိန်ပေးပို့ဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီလို ဆွေးနွေးတဲ့အခါမှာ လိုမယ်ဆိုလို့ ရှိရင် ပြည်ထောင်စုဝန်ကြီးဘက်ကလည်း ပူးပေါင်းပြီးတော့ဆွေးနွေးမယ်ဆိုလို့ရှိရင် ပိုကောင်းပါ တယ်။ အဲ့ဒီလို ဆွေးနွေးတဲ့ရလဒ်ကိုပဲ ဒီမှာပြန်ပြီးတော့ အဆိုပြုချက်တင်လိုက်မယ်ဆိုရင် ပိုပြီးတော့ ပြည့်စုံသွားမယ့်သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်း ဆက်လက်ဆွေးနွေးမှုကတော့ သီးခြားရက်သတ်မှတ်ပေးပါ့မယ်။ ပြင်ဆင်ချက်အဆိုများကိုတော့ ခုန ကျွန်တော်တင်ပြကြေညာခဲ့တဲ့ အတိုင်းပဲ ၂၀-၁၁-၂၀၁၁ ခုနှစ်၊ ၁၂း၀၀ နာရီမှာပေးပို့ဖို့ဖြစ်ပါတယ်။ ဒီကြားထဲမှာ ဒီမှာဆွေးနွေးဖို့ ဥပဒေကြမ်းရှိသေးလား၊ လျာထားတာရှိသေးလား။ မရှိဘူး။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ၄၉ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပြည်သူ့လွှတ်တော် အစည်းအဝေးပြုလုပ်မယ့် ရက်အချိန်ကိုထပ်မံကြေညာပါမယ်။ ဒါကြောင့် ယခု ပြည်သူ့လွှတ်တော် အစည်းအဝေး ၄၈ ရက်မြောက်နေ့ကိုရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၄၉ ရက်မြောက်နေ့ကို သတ်မှတ်ရက်မှာပြုလုပ်မှာ ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄ း ၀၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၄၈ ရက်မြောက်နေ့ကို ၁၄း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]